# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာနက သိမ်းယူထားသော ဘားအံမြို့နယ်၊ လှာကဒေါင်ကျေးရွာအုပ်စု၊ လက္ခဏ ကျေးရွာ၊ ဝါဂွမ်းလှိုင်ထိပ်ကွင်း၊ ကွင်းအမှတ်(၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈)ရှိ အမည်ပေါက် လယ်မြေများအား ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူမှုရေးပြစ်ဒဏ်အဖြစ်ချမှတ်သည့် ပြစ်ဒဏ်ပေးခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၇ | မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စုအတွင်းရှိ စံသမာဓိ၊ မြဲမြံအောင်နှင့် ဂုံညင်းနီရပ်ကွက်များရှိ ပြည်သူများအတွက် နေထိုင်မှုအထောက်အထား အခက်အခဲကြောင့် မှတ်ပုံတင်မရရှိခြင်းအား မည်ကဲ့သို့ စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | မိုင်းလားမြို့နယ်၊ ဝမ်နောင်လုံအုပ်စုအတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်နောင်ဖျားကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို မိုင်းခတ်မြို့နယ် အတွင်း ပြန်လည်ထည့်သွင်းဖွဲ့စည်းပေးနိုင်ရန်နှင့် ၎င်းကျေးရွာသူ၊ ကျေးရွာ သားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၉ | ဒလ-တွံတေးကားလမ်းမကြီးဘေးရှိ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား ပြောင်းရွှေ့ရန်နှင့်စပ်လျဉ်း၍ မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၀ | မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့် ကျောက်ပြား စက်ရုံ လမ်းကြားရှိ အလျားပေ (၁၀၀)၊ အနံ(၈၅)ပေ ကျယ်ဝန်းသောမြေကွက်အား နိုင်ငံရေးပါတီတစ်ခုအမည်ဖြင့် ဂရန်ထုတ်ပေး ထားခြင်းကိုပယ်ဖျက်ပြီး မူလ | ၂၇ |

| | | |
|---|---|---|
| | အတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | ရဲလောင်းချောင်းရေပေးစီမံကိန်းအတွက် လိုအပ်သောရန်ပုံငွေ ခွဲဝေချထား ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၂ |
| ၁၂ | ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝ ရရှိစေရေးနှင့် အခက်အခဲများ ကြုံတွေ့ ရသည့်အခါ ကူညီစောင့်ရှောက် ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံး အဖြတ်ရယူခြင်း | ၃၅ |
| ၁၃ | ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၄၅ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေး ကော်မတီက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း | ၄၆ |
| ၁၅ | တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၄၈ |
| ၁၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၆၃ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမ နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၉-၇-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာနက သိမ်းယူထားသော ဘားအံမြို့နယ်၊ လှာကဒေါင် ကျေးရွာအုပ်စု၊ လက္ခဏကျေးရွာ၊ ဝါဂွမ်းလှိုင်ထိပ်ကွင်း၊ ကွင်းအမှတ် (၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈)ရှိ အမည်ပေါက်လယ်မြေများအား ပြန်လည် လုပ်ကိုင်ခွင့်ပြုရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **မူးယစ်ဆေးဝါးသုံးစွဲသူများ အတွက် လူမှုရေးပြစ်ဒဏ်အဖြစ် ချမှတ်သည့် ပြစ်ဒဏ်ပေးခြင်းကို**

**နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ အုပ်စုအတွင်းရှိ စံသမာဓိ၊ မြမြအောင်နှင့် ဂုံညင်းနီ ရပ်ကွက်များရှိ ပြည်သူများအတွက် နေထိုင်မှုအထောက်အထား အခက်အခဲကြောင့် မှတ်ပုံတင် မရရှိခြင်းအား မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းလားမြို့နယ်၊ ဝမ်နောင်လုံအုပ်စု အတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်လောက်ဖျားကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ထည့်သွင်း ဖွဲ့စည်းပေးနိုင်ရန်နှင့် ၎င်းကျေးရွာသူ၊ ကျေးရွာသားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလ–တွံတေးကားလမ်းမကြီး ဘေးရှိ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား ပြောင်းရွှေ့ရန်နှင့် စပ်လျဉ်း၍ မည်သို့ ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၏ **မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့် ကျောက်ပြားစက်ရုံလမ်းကြားရှိ အလျားပေ (၁၀၀) ၊ အနံ (၈၅)ပေ ကျယ်ဝန်းသောမြေကွက်အား နိုင်ငံရေးပါတီတစ်ခု အမည်ဖြင့် ဂရန်ထုတ်ပေးထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ရဲလောင်းချောင်း ရေပေးစီမံကိန်း အတွက် လိုအပ်သော ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်က **"ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝရရှိစေရေးနှင့် အခက်အခဲများ ကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက်ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ပဉ္စမနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၃) ရွာသာမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၅) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၈) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၉) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၁၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၁၁) တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး ခွင့် ၁ ရက်၊

(၁၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၃) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဋ္ဌွန်း ခွင့် ၁ ရက်၊

(၁၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊

(၁၇) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊

(၁၈) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊

(၁၉) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၂၁) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၅ ရက်၊

(၂၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၂၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၂၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်၊

(၂၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၂၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၂၉) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁၀ ရက်၊

(၃၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၃၁) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁ ရက်၊

(၃၂) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၃၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၅ ရက်၊

(၃၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၃၅) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်နှင့်

(၃၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထဲရေးဝန်ကြီးဌာနက သိမ်းယူထားသော ဘားအံမြို့နယ်၊ လှာကဒေါင် ကျေးရွာအုပ်စု၊ လက္ခဏ ကျေးရွာ၊ ဝါဂွမ်းလှိုင်ထိပ်ကွင်း၊ ကွင်းအမှတ်(၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈)ရှိ အမည်ပေါက် လယ်မြေများအား ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် လှာကဒေါင် ကျေးရွာအုပ်စု၊ လက္ခဏ ကျေးရွာ၊ ဝါဂွမ်းလှိုင်ထိပ်ကွင်း၊ ကွင်းအမှတ်(၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈)ရှိ အမည်ပေါက် လယ်မြေများအား ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်သင်စခန်းမှ သိမ်းယူထား ခြင်းအား ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် တင်ပြစာများအား ဥပဒေနှင့်အညီ ရှင်းလင်းရန်မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်းဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရခြင်းရဲ့ ကျိုးကြောင်းဖော်ပြချက်ကို ဆက်လက်တင်ပြလိုပါ တယ်။ အဲဒီမေးခွန်းကိုပဲ မူလပိုင်ရှင် ဦးစောခင်လှမြိုင်ပါ ၈၄ ဦးကလည်း ယခင်အစိုးရလက်ထက် ကတည်းက တင်ပြတိုင်ကြားခဲ့ပါတယ်။ ယခုအစိုးရလက်ထက်မှာလည်း ထပ်မံတင်ပြတိုင်ကြားလာတဲ့ အတွက် ဘားအံမြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ က စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ခရိုင်/ပြည်နယ်/ဗဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံ ရမှုပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ရောက်ရှိသွားပြီလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ဖော်ပြပါ ကျွန်မရဲ့တင်ပြချက်များကို ပေါ်လွင်ထင်ရှားစေလိုတဲ့အတွက် Power Point ဖြင့်တင်ပြခွင့်ပြုပါရှင်။ အဆိုပါကိစ္စကို ကျွန်မပါဝင်တဲ့ ဘားအံမြို့နယ် လယ်ယာမြေနှင့်

အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီက ကွင်းဆင်းစိစစ်တွေ့ရှိချက် အစီရင်ခံစာပဲ ဖြစ်ပါတယ်။ ဒါကလည်း ဘားအံမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေးကော်မတီရဲ့ သုံးသပ်ချက်၊ အကြံပြုချက်များပဲ ဖြစ်ပါတယ်။ လယ်မြေသိမ်းဆည်းခံရသူ တောင်သူ ၈၄ ဦးကလည်း တင်ပြထားမှုတွေကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေပြီး ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုပြန်လည်စိစစ်ရေးကော်မတီကို စိစစ်ဆောင်ရွက်မှုအား ပြန်လည်တင်ပြဖို့ အကြောင်းကြားတဲ့စာပဲ ဖြစ်ပါတယ်။ ဒါကလည်း ဗဟိုလယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီက ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီရဲ့ တင်ပြပေးမှုကြောင့် ကရင် ပြည်နယ် လယ်ယာမြေသိမ်းဆည်းခံရမှု စိစစ်ရေးကော်မတီကို ဆောင်ရွက်ပြီးစီးမှု တင်ပြပေးဖို့ တစ်ဆင့် အကြောင်းကြားစာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point မှာ တင်ပြထားတဲ့အတိုင်း မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ် အဆင့်ဆင့်ကို ကွင်းဆင်းစိစစ်ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဗဟိုလယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီက ခရိုင်/ ပြည်နယ်/ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီရဲ့ ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြဖို့လည်း အကြောင်းကြားစာတွေ ပေးပို့ခဲ့ပါတယ်။ သို့သော်လည်း အဆိုပါမြေယာကိစ္စဟာ ဗဟိုကနေ ပြည်နယ်၊ မြို့နယ်၊ မြို့နယ်ကနေ ဗဟိုအထိ အောက်ခြေကနေအထက်၊ အထက်ကနေ အောက်ခြေအထိ အဆင့်ဆင့်တင်ပြမေးမြန်းစိစစ်ခြင်းဟာလည်း သုံးနှစ်ကျော်နေပြီဖြစ်ပါတယ်။ ယခုထိ မရှင်းလင်းပေး နိုင်သေးပါသဖြင့် တောင်သူလယ်သမားများမှ ကျေနပ်မှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ရပ်အဖြစ် လယ်ယာမြေကို မှီခိုအားထားနေရတဲ့အတွက် ပြန်လည်လုပ်ကိုင်လိုကြောင်း တင်ပြလာ ခြင်းကြောင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလို၍ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်

များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၃-၂-၁၉၉၈ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)မှ ဦးဆောင်ကျင်းပပြုလုပ်တဲ့ တိုင်းဒေသကြီး/ပြည်နယ် ဥက္ကဋ္ဌများနှင့် ဝန်ကြီးများတွေ့ဆုံရှင်းလင်းပွဲမှာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မြေလွတ်၊ မြေရိုင်း၊ ကွက်လပ် မြေ၊ ရေနက်ကွင်း၊ ရေအောက်မြေ စုစုပေါင်းဧရိယာ ၂၂၄၄၂၆၀ ဧကရှိရာ နွေ၊ မိုး၊ ဆောင်း သုံးရာသီ လုံးမှာ ရေမြေရာသီဥတုနှင့်ကိုက်ညီတဲ့သီးနှံများအား စီမံချက်ချမှတ်၍ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး အတွက် လယ်ယာမြေများဖော်ထုတ်သွားရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနရှိ အကျဉ်း သားများ နေ့စဉ်စားသုံးရန် နိုင်ငံတော်မှ ကျခံကျွေးမွေးရတဲ့ဆန်ကို တဖြည်းဖြည်းလျော့ကျစေပြီး ယင်းတို့ရဲ့ စားသုံးမှုဖူလုံရင် လူနေမှုဘဝမြှင့်တင်ရေးအတွက် ဆန်စပါးစိုက်ပျိုးရေးထုတ်လုပ်ရန် လမ်းညွှန်ချက်အရ လက္ခဏာစိုက်ပျိုးမွေးမြူရေး၊ အသက်မွေးမှု အတတ်သင်စခန်းအား ၁၄-၁-၁၉၉၉ ရက်နေ့မှာ အကျဉ်းသားလုပ်အားရှင် ၁၀၀ ဦးဖြင့်စတင်ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သော်လည်း လယ်ယာမြေမရှိသဖြင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံသို့ တင်ပြခဲ့ရာ ၁၈-၆-၁၉၉၉ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးအမှတ်စဉ်(၃၃/၉၉)ဆုံးဖြတ်ချက် အပိုဒ် ၉ အရ မည်သူမှစိုက်ပျိုးခြင်းမရှိတဲ့လယ်မြေ ၇၁၂.၀၅ ဧကနှင့် စခန်းအဆောက်အဦဆောက်လုပ်ရန် ၁၆.၁၁ ဧက စုစုပေါင်း ၇၂၈.၁၆ ဧကအား လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် ကရင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၅-၇-၁၉၉၉ ရက်စွဲပါစာအမှတ်ဖြင့် ရှေးဦးဌာနပိုင်မြေဖြင့် သတ်မှတ်ခွင့်ပြု ပေးခဲ့ခြင်းကို Power Point ဖြင့် တင်ပြအပ်ပါတယ်။

လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတက်သင်စခန်းအနေဖြင့် တရားဝင်လုပ်ကိုင် ခွင့်ပြုထားသော ၇၁၂ ဧကဟာ စပါးအထွက်နှုန်းနည်းသည့်အတွက် မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်း စစ်ဆေး၍ လယ်ယာမြေဥပဒေအရ မည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခြင်းလည်းမရှိ၊ စိုက်ပျိုးရေး လုပ်ငန်းများလည်း ဆောင်ရွက်ခြင်းမရှိတဲ့ တောရိုင်းမြေကဲ့သို့ ကျူတော၊ ကိုင်းတောများ ဖုံးလွှမ်းနေတဲ့ မြေလပ်များကို အကျဉ်းသားများလုပ်အားဖြင့် ခုတ်ထွင်ရှင်းလင်းခြင်း၊ စက်မှုလယ်ယာမှ ထွန်စက်များ

အသုံးပြု၍ မြေပြုခြင်း၊ အားဖြည့်မြေဩဇာများထည့်သွင်းခြင်းတို့အားဖြင့် အသင့်စိုက်ပျိုးနိုင်တဲ့ လယ်မြေ ၁၇၄.၉၃ ဧကကို ထပ်မံဖော်ထုတ်လုပ်ကိုင်နိုင်ခဲ့သဖြင့် စုစုပေါင်း ၉၀၃.၀၉ ဧကရယူ၍ အကျဉ်းသားများ သက်သာချောင်ချိရေးအတွက် နှစ်စဉ်လယ်မြေဖော်ထုတ်ခြင်း၊ စိုက်ပျိုးခြင်းကို လုပ်ကိုင်လျက်ရှိပါတယ်။ လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းမှ ရယူ အသုံးပြုလျက်ရှိတဲ့ မြေ ၉၀၃.၀၉ ဧကအနက် ဦးစောခင်လှမြိုင်နှင့် ဦးအောင်မြတင်တို့ နှစ်ဦးမှ တောင်သူ ၂၉ ဦးတို့နှင့်အတူ ပြန်လည်လုပ်ကိုင်ခွင့်ပြုပါရန် တိုင်ကြားမှုနှင့်ပတ်သက်၍ ၉-၁၀-၂၀၁၅ ရက်နေ့တွင် ကရင်ပြည်နယ် မြေအသုံးချရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၌ ကျင်းပပြုလုပ်တဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၀/၂၀၁၅)ရဲ့ ဆုံးဖြတ်ချက်အရ ပြန်လည်စွန့်လွှတ်ပေးပါရန် အကြောင်းကြားလာရာ အကျဉ်းဦးစီးဌာနအနေဖြင့် စခန်းပြင်ပမှ ရယူလုပ်ကိုင်နေတဲ့ ၁၇၃ ဧက၊ ၁၇၄.၉၃ ဧကမှ အကျဉ်းသားများထားရှိတဲ့ ဆူးဂျုံးဝမ်းလုံခြုံရေးဧရိယာ ၈၃.၈၃ ဧကကိုချန်လိုက်၍ ၉.၁၀ ဧကကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၂-၄-၂၀၁၆ အမိန့်ကြော်ငြာစာအမှတ်(၁၁၁၇/၂၀၁၆)ဖြင့် နိုင်ငံတော်ပိုင်မြေ(State Land)သတ်မှတ်ပြီး လက္ခဏစခန်းမှာဖမ်း ခရိုင်အုပ်ချုပ်ရေးဦးစီးမှူးထံသို့ ၁၆-၆-၂၀၁၆ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ဦးစောခင်လှမြိုင်ပါတောင်သူ ၈၄ ဦးမှ အဆိုပါလက္ခဏစခန်း ရယူထားသော ဧရိယာ အတွင်းမှ ကွင်းအမှတ်(၁၁၂၅၊ ၁၁၂၆ နှင့် ၁၁၂၈) တို့ရှိ မြေများကို လုပ်ကိုင်ခွင့်ပြုပါရန် ထပ်မံ လျှောက်ထားလာခဲ့ပါသည်။ ၎င်းတို့ ထပ်မံလျှောက်ထားလာတဲ့ ကွင်းအမှတ် ဧရိယာများဟာ ၂၀၀၂ ခုနှစ် မှစ၍ အကျဉ်းဦးစီးဌာနပိုင်အဖြစ် လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိထားတဲ့ စိုက်ပျိုးမြေများဖြစ်ပြီး နိုင်ငံတော်ရှိ အကျဉ်းသားများ သက်သာချောင်ချိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေ သည့် နိုင်ငံတော်အတွက် အကျိုးတူဖြစ်ထွန်းစေမည့် စီမံကိန်းဝင်မြေများဖြစ်ပါသည်။ ထိုစီမံကိန်း ဝင်မြေမှ ကွင်းအမှတ်(၁၁၂၈/က)နှင့်(၁၁၂၈/ခ) တို့မှာ ၁၀၈.၇၅ ဧကခန့်ကို တောင်သူများမှ ကျူးကျော်၍ ရာဘာ၊ စပါးသီးနှံ စိုက်ပျိုးခြင်းနှင့် ယာယီအဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း ပြုလုပ်နေမှုကို သက်ဆိုင်ရာစခန်းတာဝန်ခံရုံးမှ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသို့ ဥပဒေနှင့် အညီ ဖြေရှင်းချက်ပေးရန် တင်ပြထားရှိပါသည်။

အကျဉ်းဦးစီးဌာနဟာ အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ရန်ပုံငွေ အကျိုးအမြတ်ဖြစ်ထွန်းစေရန်အတွက် အထွက်နှုန်းကောင်းမွန်တဲ့ တန်ဖိုးမြှင့်စိုက်ပျိုးမြေဖြစ်လာစေ

ရန် စဉ်ဆက်မပြတ်ပြုပြင်စိုက်ပျိုးခြင်း၊ အထွက်နှုန်း ကောင်းမွန်သော လယ်ယာမြေကောင်းဖြစ်လာပါက ရရှိမည့်အကျိုးအမြတ်ကို အကျဉ်းသားများမှ ခံစားပိုင်ခွင့်ရရှိမည်ဖြစ်ခြင်းတို့ကြောင့် စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလယ်ယာမြေများကို စီမံကိန်းဆောင်ရွက်ခြင်းမပြုတော့သည့် အချိန်မှသာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၂ အရ ပြန်လည်အပ်နှံရန် စီစဉ်ထားရှိပါသည်။ သို့ပါ၍ အကျဉ်းဦးစီးဌာနအနေဖြင့် လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို အကျဉ်းသားများ၏လုပ်အားဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးအတွက် အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်းအဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံဦးစောခင်လှမြိုင်ပါ တောင်သူ ၈၄ ဦးအနေဖြင့် အကျဉ်းဦးစီးဌာနမှ ၁၆-၆-၂၀၁၆ ရက်နေ့တွင် စွန့်လွှတ်အပ်နှံထားသော လယ်ယာမြေ ၉၁.၁၀ ဧကကိုသာ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားရန်နှင့် အကျဉ်းဦးစီးဌာနမှ လက်ရှိလုပ်ကိုင်လျက်ရှိတဲ့ ၈၁၁.၉၉ ဧကမှ ထပ်မံစွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူမှုရေးပြစ်ဒဏ်အဖြစ်ချမှတ်သည့် ပြစ်ဒဏ်ပေးခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ပြဋ္ဌာန်းလိုက်ပြီးဖြစ်တဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင်ဖော်ပြပါရှိတဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူမှုရေးပြစ်ဒဏ်အဖြစ်ချမှတ်သည့် ပြစ်ဒဏ်များကို ဖော်ဆောင်နိုင်ရေးနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်ခါတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်တော်များတွင်ကြုံတွေ့နေရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် သမ္မတကိုယ်တိုင်မူးယစ်ဆေးဝါးပြဿနာကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ

ဆိုရင် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့်ပြစ်မှုများကို ပြင်းထန်သည့်ပြစ်ဒဏ်များချမှတ်ပြီး မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းလုပ်ဆောင်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ခေတ်အဆက်ဆက်အစိုးရများအနေနဲ့လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကာကွယ်ရေး၊ တိုက်ဖျက်ရေးအတွက် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရေတိုရေရှည်စီမံချက်များဖြင့် ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အဆိုပါကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်နေတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် အစိုးရအဆက်ဆက်တာဝန်ရှိသူများက အလေးပေးဆောင်ရွက်ခဲ့ကြပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထား၊ စီးပွားရေးအခြေအနေ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်တဲ့နေရာမှာ တစ်ဆင့်ကြားခံနိုင်ငံအဖြစ်လည်းကောင်း၊ အဓိကထုတ်လုပ်တဲ့ နိုင်ငံအဖြစ်လည်းကောင်း အမေရိကန်အစိုးရသတ်မှတ်ထားတဲ့ နိုင်ငံပေါင်း ၂၁ နိုင်ငံမှာတော့ ကျွန်တော်တို့နိုင်ငံက ပါဝင်နေဆဲဖြစ်ပါတယ်။

ယခုအချိန်အခါမှာတော့ ကျွန်တော်တို့နိုင်ငံရဲ့ နေရာအနှံ့အပြားမှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိသည့်သတင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲပြီး ကျူးလွန်ခဲ့သည့်နောက်ဆက်တွဲပြစ်မှုများလည်း ပိုမိုများပြားလျက်ရှိနေပါတယ်။ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဖြန့်ချိသုံးစွဲမှုအမြင့်ဆုံးနိုင်ငံစာရင်းဝင်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ အစိုးရက ဘယ်လိုများထိထိမိမိထိန်းချုပ်နိုင်မလဲဆိုတာ လူတိုင်းကစိတ်ဝင်စားနေကြပါတယ်။ မူးယစ်ဆေးများသည် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူရရှိနိုင်သည့်အတွက်ကြောင့် လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာပါတယ်။

၂၀၁၆ ခုနှစ်၊ ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေး(UNODC) အဖွဲ့ရဲ့အစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲသည့်ဦးရေ သုံးသိန်းခန့်ရှိရာ မူးယစ်ဆေးဝါးသုံးစွဲမှုမှတ်တမ်းစာရင်း၌ ၉၂၅၈ ဦးသာ ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း ရာခိုင်နှုန်းအားဖြင့် ၃ ရာခိုင်နှုန်းသာကုသပေးနိုင်ခဲ့ကြောင်း UNODC အဖွဲ့ရဲ့ထုတ်ပြန်ချက်အရ သိရပါတယ်။ အစိုးရသစ်လက်ထက်မှာတော့ ယခင်ပြဋ္ဌာန်းထားတဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေများတွင် ပြစ်မှု၊ ပြစ်ဒဏ်များကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်အတွက်ကြောင့် ယခင်ပြဋ္ဌာန်းထားတဲ့ ပုဒ်မ

၁၅ တွင် ဖော်ပြထားသည့်ပြစ်ဒဏ်များအစား လူမှုအကျိုးပြုလုပ်ငန်းများဖြင့် အစားထိုးပြင်ဆင်လိုက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့မေးမြန်းချင်တာကတော့ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့တွင် ဆေးဖြတ်စခန်းများကို လက်လှမ်းမီသောနေရာတိုင်းမှာ ဖွင့်လှစ်ပေးနိုင်မည်လား၊ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ မှာ ဖော်ပြပါရှိတဲ့ လူမှုပြစ်ဒဏ်များပေးနိုင်ရေးအတွက် ပြုစုပျိုးထောင်ရေး၊ ပြန်လည်ထူထောင်ရေး လူမှုအကျိုးပြုလုပ်ငန်းများတွင် သတ်မှတ်ထားသည့်ဝတ်စုံများဝတ်ဆင်၍ တစ်ရက်ကို နှစ်နာရီ အနည်းဆုံး နာရီ ၂၄၀ မှ ၃၆၀ အထိ ပြစ်ဒဏ်များကိုကျခံနိုင်ရန်အတွက် အစိုးရအနေနဲ့ မည်သည့်နေရာတွေမှာ အဆောက်အဦတွေဆောက်လုပ်ထားပါသလဲ၊ အဲဒီပြစ်ဒဏ်တွေကိုရော လက်တွေ့နယ်ပယ်မှာ စတင်အကောင်အထည်ဖော်ချမှတ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်သမ္မတဦးဆောင်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံး၊ မူးယစ်ဆေးဝါးသတင်းပေးတိုင်ကြားရေးဌာနကို ၂၇-၆-၂၀၁၈ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအမှုစုစုပေါင်း တရားခံပေါင်း ၄၂၀၀၀ ကျော်ရှိပါတယ်။ ဒါကတော့ ၂၀၁၇ ခုနှစ်ကနေစပြီးတော့မှ ၂၀၁၉ ခုနှစ်အထိ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၇ ခုနှစ်ကနေ

၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအမှုစာရင်းများအား တင်ပြအပ်ပါတယ်။ ဆေးဝါးသုံးစွဲသူများ ဆေးကုသရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်း ၁၁ ခုရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ Power Point ဖြင့် တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဖြတ်သူများအား ပြန်လည်ထူထောင်ရေးစခန်းများအခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပြီး အဆိုပါပြန်လည်ထူထောင်ရေးစခန်းများဟာ ကျန်းမာရေးဌာနမှ မူးယစ်ဆေးဖြတ်သူများကို ပြန်လည်ထူထောင်ပေးရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

ထို့အပြင် ရပ်ရွာအခြေပြု ပြင်ပမှဆေးဖြတ်ပြီး ပြန်လည်ထူထောင်ရေးဆောင်ရွက်လိုသူများကိုလည်း လိုအပ်ချက်အရ သက်ဆိုင်ရာအဖွဲ့အစည်းများအစီအစဉ်ဖြင့် ပြန်လည်ထူထောင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းများမရှိတဲ့ မြို့နယ်များမှာ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လိုအပ်ချက်အရဖွင့်လှစ်လိုပါလျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဒေသရှိ အစိုးရအဖွဲ့အစည်းများရဲ့အစီအစဉ်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လအထိ သင်တန်းသား ၇၅၆ ဦးအား ပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။

မူးယစ်ဆေးဖြတ်သူများ၊ ဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်းများမှာ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများကို ယခင်က သင်တန်းကာလ ၃၅ ရက်ဖြင့် ဖွင့်လှစ်ခဲ့သော်လည်း ယခုအချိန်မှာ သင်တန်းကာလသုံးလအထိ တိုးမြှင့်သတ်မှတ်၍ ပိုမိုထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် မန္တလေးပြန်လည်ထူထောင်ရေးစခန်းမှာ ၁၈-၅-၂၀၁၉ ရက်နေ့မှစ၍ သုံးလသင်တန်းအား သင်တန်းသား ၃၀ ဦးဖြင့် စတင်ဖွင့်လှစ်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနဟာ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများကိုဖွင့်လှစ်၍ လိုအပ်တဲ့ဆေးဝါးကုသမှုများနှင့်အတူ ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အားလုံးရဲ့ မြို့တော်များနှင့်မြို့ကြီးများမှာ မူးယစ်ဆေးစွဲ

ရောဂါကုဌာနကြီး ၂၉ ခု၊ ခရိုင်မြို့နယ်များမှာ မူးယစ်ဆေးစွဲကုသရေးဌာနငယ် ၅၆ ခုဖွင့်လှစ်ထားရှိပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း အဆိုပါဌာနများမှာ ဆေးဝါးကုသပေးခဲ့တဲ့ မူးယစ်ဆေးစွဲရောဂါလူနာသစ် ၂၄၁၁၂ ဦးရှိကြောင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ၁၄-၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ခဲ့တဲ့ဥပဒေအရ ယခင်မူလဥပဒေပုဒ်မ ၁၅ မှာ ပြဋ္ဌာန်းထားတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုအဖြစ်သတ်မှတ်ထားခြင်းမှပယ်ဖျက်၍ မူးယစ်ဆေးဝါးသုံးစွဲမှုကို ကျန်းမာရေးနှင့်လူမှုရေးပြဿနာတစ်ရပ်အဖြစ်ရှုမြင်သုံးသပ်ပြီး လူမှုရေးပြစ်ဒဏ်အဖြစ်သာချမှတ်နိုင်ရန် ပုဒ်မ ၁၅ အခန်း(၇)(က)မှာဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါတယ်။ ပြင်ဆင်တဲ့ဥပဒေအရ မူးယစ်ဆေးဝါးသုံးစွဲသူအား လူမှုရေးပြစ်ဒဏ်ချမှတ်ရန် အဆိုပါပြစ်ဒဏ်ရေးဆွဲနေတဲ့ နည်းဥပဒေ ၉ ပုဒ်မခွဲ(က)မှ (စ)အထိ ပြဋ္ဌာန်းထားပြင်ဆင်ရေးဆွဲချက်အရ ဆေးဝါးသုံးစွဲသူတိုင်းကို လူမှုရေးပြစ်ဒဏ်ချမှတ်ရန်မဟုတ်ဘဲ ဆေးစစ်ဆေးခံယူရန်နှင့် ဆေးဝါးကုသမှုခံယူရန် ရဲတပ်ဖွဲ့ကပို့ဆောင်ပေးရမှာဖြစ်ပြီး ဆေးဝါးကုသမှုခံယူခြင်းကို ငြင်းဆန်ပျက်ကွက်ပါက ရဲတပ်ဖွဲ့ကတရားစွဲဆိုပြီး တရားရုံးက ခံဝန်ချုပ် ချုပ်ဆိုရန်ချမှတ်၍ အဆိုပါခံဝန်ချုပ်ပါစည်းကမ်းချက်ဖောက်ဖျက်သူကို သက်ဆိုင်ရာပြန်လည်ပြုစုရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်ခြင်းခံယူရန်၊ ထိုသို့ပို့အပ်စဉ်ကာလအတွင်း စခန်းထုတ်ပြန်ထားတဲ့ စည်းကမ်းချက်များကိုဖောက်ဖျက်မှသာလျှင် ၎င်းအားသက်ဆိုင်ရာတရားရုံးသို့လွှဲပြောင်းထားပြီး တရားရုံးက ပုဒ်မ ၁၅ ပါပြဋ္ဌာန်းချက်အတိုင်း လူမှုရေးအကျိုးပြုလုပ်ငန်းများ ကြီးကြပ်သူရှေ့မှောက်တွင် အမိန့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းသဘောမသက်ရောက်သည့် သတ်မှတ်ထားသည့်ဝတ်စုံကိုဝတ်ဆင်လျက် တစ်ရက်လျှင် နှစ်နာရီဖြင့်အနည်းဆုံး နာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားဖြင့်အခမဲ့လုပ်ကိုင်ဆောင်ရွက်ရန်အမိန့်ချမှတ်ရမှာဖြစ်ပါတယ်။

အဆိုပါပြစ်ဒဏ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နည်းဥပဒေသစ်ရေးဆွဲပြဋ္ဌာန်း၍ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများအား ပြင်ဆင်ရေးဆွဲနိုင်ရေးကော်မတီကို ဒုတိယရဲချုပ်နှင့် ရဲဗိုလ်ချုပ်အောင်နိုင်ကို ဥက္ကဋ္ဌအဖြစ် ၂၈ ဦးပါ အဖွဲ့ဖွဲ့၍

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ ၂၀-၁၀-၂၀၁၈ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နည်းဥပဒေမူကြမ်းကို ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားလျက်ရှိပါတယ်။

သို့ပါ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြင်ဆင်သည့် နည်းဥပဒေအတည်ပြုပြဋ္ဌာန်းပြီးမှသာလျှင် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်သဖြင့် ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆောက်အဦများဆောက်လုပ်ထားခြင်း မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စုအတွင်းရှိ စံသမာဓိ၊ မြဲမြံအောင်နှင့် ဂုံညင်းနီရပ်ကွက်များရှိ ပြည်သူများအတွက် နေထိုင်မှုအထောက်အထား အခက်အခဲကြောင့် မှတ်ပုံတင်မရရှိခြင်းအား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စုမှာရှိတဲ့ ဂုံညင်းနီရပ်ကွက်၊ မြဲမြံအောင်ရပ်ကွက်၊ စံသမာဓိရပ်ကွက်မှာရှိတဲ့ ရပ်ကွက်နေပြည်သူများ မှတ်ပုံတင်နှင့်သန်းခေါင်စာရင်း အခက်အခဲဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ်မှာရှိတဲ့ ဂုံညင်းနီရပ်ကွက်၊ မြဲမြံအောင်ရပ်ကွက်၊ စံသမာဓိရပ်ကွက်များမှာရှိတဲ့ ပြည်သူများဟာ မွေးရာပါနိုင်ငံသားများ ဖြစ်ကြပါတယ်။ သူတို့တွေဟာ အနယ်နယ်အရပ်ရပ်ကနေပြီးတော့ စီးပွားရေးအကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲလာတဲ့ ပြောင်းရွှေ့အခြေချနေထိုင်သူတွေဖြစ်ကြပါတယ်။ သို့သော်လည်း ကျွန်တော်တို့မှာ အခက်အခဲဖြစ်နေတာက ရပ်ကွက်အုပ်ချုပ်ရေးမှူးပိုင်းက အဲဒီရပ်ကွက်တွေမှာနေတဲ့ပြည်သူတွေကို ထောက်ခံစာမပေးတဲ့အတွက် သန်းခေါင်စာရင်းလုပ်တဲ့နေရာမှာလည်း အခက်အခဲဖြစ်နေပါတယ်။ အဲဒီမှာမွေးတဲ့ကလေးတွေဟာလည်း မွေးရာပါနိုင်ငံသားတွေ

ဖြစ်ပါလျက်နဲ့ မှတ်ပုံတင်မရဘဲဖြစ်နေပါတယ်။ တချို့ကလေးတွေဆိုရင် တော်တော်လေး အရွယ်ရောက်တဲ့အချိန် ဖြစ်နေပါပြီ။ ဒါကြောင့်မို့လို့ ဒီလိုမျိုး အခက်အခဲဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ဘယ်လိုမျိုး ဝန်ကြီးဌာနပိုင်းတွေကနေပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးမလဲဆိုတာ သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကွင်းဆင်းဆောင်ရွက်ပေးမယ်ဆိုရင်တော့ မှတ်ပုံတင်လုပ်တာ၊ နေထိုင်မှုအထောက်အထားလုပ်တာတွေကို ကွင်းဆင်းဆောင်ရွက်ပေးမယ်ဆိုရင်တော့ အကောင်းဆုံးလို့ထင်ပါတယ်။ တစ်ဦးချင်းဆောင်ရွက်ဖို့ကျတော့ စောစောကပြောသလို အုပ်ချုပ်ရေးပိုင်းကနေပြီးတော့ ထောက်ခံစာမပေးတဲ့အတွက် အခက်အခဲဖြစ်နေပါတယ်။ တကယ်လို့သာ ကွင်းဆင်းဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်လည်း မည်သည့်အချိန်မှာ ကွင်းဆင်းဆောင်ရွက်ပေးမယ်ဆိုတာကို အကြမ်းဖျင်းခန့်မှန်းခြေလောက်တော့ ပြန်လည်ဖြေကြားပေးစေလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ကြီး ဦးအောင်လှိုင်ဝင်းရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးတဲ့ကိစ္စကို ဌာနအနေနဲ့ အိမ်ထောင်စုစာရင်းနဲ့ ချိတ်ဆက်ထားရပါတယ်။ အဓိကအားဖြင့်တော့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူပုဂ္ဂိုလ်တစ်ဦးတည်းကနေမှ အကြိမ်ကြိမ်ထုတ်ယူခြင်းမှ ကာကွယ်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် စနစ်တကျမှတ်တမ်းတင်နိုင်ဖို့နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနဲ့ ကိုင်ဆောင်သင့်တဲ့မှတ်ပုံတင်တစ်မျိုး လျှောက်ထားရာမှာ သက်ဆိုင်ရာဒေသ၊ အာဏာပိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်နဲ့ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မှာ ပါဝင်သူများကို စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ အိမ်ထောင်စုစာရင်းမှာ

ပါမှသာလျှင် သက်ဆိုင်ရာမြို့နယ်များမှာ မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးခဲ့ခြင်းရှိ/မရှိ ပြန်လည်စိစစ်နိုင်တဲ့အတွက် အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်ထုတ်ပေးခြင်းကို ချိတ်ဆက်ထားခြင်းဖြစ်ပါတယ်။ အဲဒီလိုမချိတ်ဆက်ထားဘူးဆိုရင်တော့ ပျောက်တယ်၊ မလုပ်ရသေးဘူး စတဲ့လူစာရင်းများကို ကျွန်တော်တို့ဌာနမှာ စစ်ဆေးနိုင်တဲ့အနေအထား မရှိပါဘူး။ အခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပျဉ်းမပင်ကျေးရွာအုပ်စု အရပ်အခေါ်မှာ စံသမာဓိရပ်ကွက်၊ မြဲမြံအောင်ရပ်ကွက်နဲ့ ဂုံညင်းနီရပ်ကွက်တို့ဟာ ပျဉ်းမပင်စက်မှုဇုန်အတွင်းမှာ ကျူးကျော်ရပ်ကွက်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကတော့ စာရင်းပြုစုပြီးဖြစ်ပါတယ်။ သို့ရာတွင် မွေးရာပါနိုင်ငံသားများ မဲဆန္ဒပေးနိုင်ခွင့် မဆုံးရှုံးစေနိုင်ဖို့အတွက်ကို ရွေးချယ်တင်မြှောက်ရေးကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ပူးပေါင်းပြီးတော့မှ မဲဆန္ဒပေးခွင့်အားလုံး ရရှိအောင် ဆောင်ရွက်နေပါတယ်။ ဖြေလျှော့တဲ့အနေနဲ့လည်းပဲ ယာယီအိမ်ထောင်စုစာရင်းများ ထုတ်ပေးဖို့လည်း ကျွန်တော်တို့ သက်ဆိုင်ရာဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးရင် အဲဒီမှာနေထိုင်တဲ့ လူတစ်ဦးချင်းစီကိုလည်းပဲ မှတ်ပုံတင်တွေကို ဆက်လက်ပြီး စိစစ်ပြီးတော့မှ ဥပဒေနဲ့အညီ ထုတ်ပေးသွားမှာဖြစ်ပါတယ်။

အဲဒီနေရာမှာ နေထိုင်သူအားလုံးရဲ့ မိဘ၊ ဘိုးဘွား၊ မူလ ပြောင်းရွှေ့လာတဲ့ အရပ်ဒေသများမှာ မိဘ၊ ဘိုးဘွားများ ရှိနိုင်ပါတယ်။ သူတို့ရဲ့မှတ်ပုံတင်များလည်း ရှိနိုင်ပါတယ်။ သူတို့ဆီမှာလည်းပဲ အိမ်ထောင်စုစာရင်းများ ရှိနိုင်ပါတယ်။ အဲဒီလို ရှိတဲ့စာရင်းများကို တင်ပြနိုင်မယ်၊ အထောက်အထားများကို ပြောကြားနိုင်မယ်ဆိုရင်တော့ လက်ရှိကို ကျွန်တော်တို့ သက်ဆိုင်ရာမြို့နယ်အချင်းချင်း ချိတ်ဆက်ပြီးတော့မှ အဲဒီဒေသမှာရှိတဲ့ မြို့နယ်အချင်းချင်းချိတ်ဆက် ပြီးတော့မှ လက်ရှိကျူးကျော်ရပ်ကွက်မှာနေတဲ့ပုဂ္ဂိုလ်များကို ကျွန်တော်တို့ မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ပါတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ အိမ်ထောင်စုစာရင်းများကို အုပ်ချုပ်ရေးကလည်း မထုတ်ပေးရသလဲလို့ မေးစရာရှိပါတယ်။ ကျူးကျော်ရပ်ကွက်ဖြစ်နေလို့ပဲဖြစ်ပါတယ်။ အဲဒီမြေများသည် နိုင်ငံတော်ပိုင်မြေများဖြစ်လို့ပဲ ဖြစ်ပါတယ်။ အကယ်၍များ နိုင်ငံတော်ပိုင်မြေများမှာနေတဲ့ကျူးကျော်သူများကို အုပ်ချုပ်ရေးမှူးများ အနေနဲ့ အိမ်ထောင်စုစာရင်းများထုတ်ပေးလိုက်မယ်ဆိုရင် နောင်မှာ ဒီမြေပိုင်ဆိုင်မှုအတွက် အငြင်းပွားမှုများ ဖြစ်ပွားနိုင်တာဖြစ်တဲ့အတွက် ဒီမြေပိုင်ဆိုင်မှုခိုင်မာတဲ့နေရာများကိုသာ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့လည်းပဲ ကျွန်တော်တို့ ပုံစံ(၆၆/၆)ကို ထုတ်ပေးခြင်းဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ

မွေးရာပါနိုင်ငံသားများအနေနဲ့ မှတ်ပုံတင်တစ်မျိုးမျိုးကိုင်ဆောင်ရမယ်၊ ထုတ်ပေးရမယ်ဆိုတာ ကျွန်တော်တို့ ခံယူပါတယ်။ ဒါဟာလည်းပဲ အမှန်တရားပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်းပဲ EID စနစ်နဲ့ ကျွန်တော်တို့ National ID ကို Electronic စနစ်နဲ့ အတုအပပြုလုပ်လို့မရအောင် ထပ်ပြီးတော့မှ Duplication ပြုလုပ်လို့မရအောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အဲဒါလည်းပဲ ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်ပြီးမှ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ဆက်လက် ပြီးတော့မှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ လည်းပဲ အဲဒီဒေသမှာရှိတဲ့ နေထိုင်တဲ့ပြည်သူများ မဲပေးခွင့်ရရှိအောင်၊ လိုအပ်တဲ့ ယာယီအိမ်ထောင်စု စာရင်းများရရှိအောင် ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ပူးပေါင်းပြီးတော့မှ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့လည်းပဲ မိမိတို့ရဲ့ဒေသမှာ ကျွန်တော်တို့ ဝန်ထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါ။ စောစောက ဝန်ကြီးပြောသွားတဲ့အထဲမှာပါပါတယ်။ ကျူးကျော်ရပ်ကွက်လို့ ပြောသွားပါ တယ်။ ဒါဟာ ကျွန်တော့်အနေနဲ့ သဘောမတူပါဘူး။ မြေပိုင်ဆိုင်မှုအငြင်းပွားနေတဲ့ကိစ္စပါ။ ကျူးကျော် ဆိုပြီးတော့ ဘယ်တရားရုံးကမှ ဆုံးဖြတ်ဖို့မရှိပါဘူး။ နောက်တစ်ခါ မှတ်ပုံတင်တစ်မျိုးမျိုးကို ကိုင်ဆောင်ခွင့်ပြုမယ်ဆိုပြီးတော့ ဝန်ကြီးကပြောပါတယ်။ ကျွန်တော်က ယာယီသန်းခေါင်စာရင်း။ ကျွန်တော်မေးတဲ့မေးခွန်းက မွေးရာပါနိုင်ငံသားတွေဖြစ်တဲ့အတွက် မှတ်ပုံတင်တစ်မျိုးမျိုးဆိုတာ သဘောမတူပါဘူး။ မူလနိုင်ငံသား၊ နိုင်ငံသားစိစစ်ရေးကတ်ကိုပဲ ကျွန်တော်တို့က ပေးဖို့ပြောတာပါ။ အဲဒီတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့က စိစစ်ရမယ့် တာဝန်က မြေပိုင်ဆိုင်မှုအငြင်းပွားတာကို စိစစ်ရမယ့်ဝန်ကြီးဌာနမဟုတ်ပါဘူး။ နိုင်ငံသား ဟုတ်/မဟုတ်ပဲ စိစစ်ပါ။ ကျွန်တော်မေးတဲ့အထဲမှာလည်းပါပါတယ်။ နိုင်ငံသားဥပဒေနဲ့စိစစ်ပြီးတော့မှ ပေးပါ။ လူတိုင်းကိုထုတ်ပေးပါလို့ ကျွန်တော်မပြောပါဘူး။ သို့သော် အခက်အခဲကဘာဖြစ်နေသလဲဆို တော့ အဲဒီရပ်ကွက်အုပ်ချုပ်ရေးမှူးက အဲဒီဒေသကလူတွေကို ထောက်ခံစာထုတ်မပေးဘူး။ သူထုတ်မ

ပေးတာနဲ့ပဲ ကျွန်တော်တို့က နိုင်ငံမှာတည်ရှိနေတဲ့ နိုင်ငံသားဥပဒေအရ နိုင်ငံသားမဖြစ်ရတော့ဘူးလား။ မြေပိုင်ဆိုင်မှုအငြင်းပွားတဲ့ကိစ္စ နောက်မှကျွန်တော်တို့ရှင်းမယ်။ ဒီကိစ္စကရှုပ်ထွေးလို့ကြာတဲ့အတွက် ကျွန်တော်တို့ ဒါဟာ ဒီမှာတော့ မဆွေးနွေးလိုတော့ပါဘူး။ ပြီးတော့ အခုတောင်းဆိုနေတာကလည်း ကျွန်တော်တို့က မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စုက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ထဲကနေပြီးတော့ နေထိုင်တဲ့ပုဂ္ဂိုလ်တွေပါ။ နိုင်ငံခြားမှာနေပြီးတော့ နိုင်ငံခြားသားတစ်ယောက်ကနေပြီးတော့ တောင်းဆိုနေတာမဟုတ်ပါဘူး။ အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေက သူတို့ရဲ့တရားဝင်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကနေတစ်ဆင့် လွှတ်တော်မှာ တောင်းဆိုနေတာပါ။ အဲဒီတော့ ဒီဟာကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့အပြောအဆိုမျိုးတွေ၊ ဒါမျိုးလည်းကျွန်တော်တို့ လက်မခံပါဘူး။ အဲဒီတော့ ကျွန်တော်မေးတဲ့မေးခွန်းက ရှင်းရှင်းလေးပါ။ ဘယ်လိုဖြေလျှော့ပေးမလဲ။ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ နိုင်ငံသားဥပဒေမှာရှိတဲ့ ပြဋ္ဌာန်းချက်တွေ အတိုင်းလုပ်ပါ။ ဒါကို ကျွန်တော်တို့ မငြင်းလိုပါဘူး။ သို့သော် တစ်ဦးတစ်ယောက်ချင်းလုပ်ဖို့ အဆင်မပြေတဲ့အတွက် လွှတ်တော်ကို ကျွန်တော်တို့တင်ရခြင်းဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းသွားလုပ်ပြီးပြီ။ ဒီမှာကလေးတွေလည်းပါတယ်။ ဒီကလေးတွေဟာ အထောက်အထားဘာမှမရှိဘူး။ အဲဒီရပ်ကွက်မှာမွေးကြတယ်။ မြန်မာနိုင်ငံသားတွေပဲ။ အကုန်လုံးပြောင်းလာကြတာ။ ဘုန်းကြီးကျောင်းတွေလည်းရှိတယ်။ အဲဒီတော့ ဒီလိုဒေသမှာရှိတဲ့လူတွေက အခက်အခဲဖြစ်နေတဲ့အတွက် ကျွန်တော်မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဘယ်နေ့၊ ဘယ်အချိန်မှာလုပ်ပေးမယ်။ စောစောကပြောတဲ့ယာယီသန်းခေါင်စာရင်း ပုံစံတစ်မျိုးမျိုးနဲ့ကိုင်ဆောင်မှုပြုမယ်ဆိုတာကို ကျွန်တော်တို့ ဒါလက်မခံနိုင်ပါဘူး။ ပုံစံတစ်မျိုးမျိုးဆိုတာ ဥပဒေမှာလည်းမရှိပါဘူး။ ကျွန်တော် NPC ကတ်တောင်းနေတာ မဟုတ်ပါဘူး။ ဒီကိစ္စက။ နိုင်ငံသားကတ် ကျွန်တော်တို့တောင်းနေတာပါ။ အဲဒါကြောင့်မို့လို့ ဘယ်လိုနည်းနဲ့ဆောင်ရွက်ပေးမလဲ။ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိခဲ့ရင် ဘယ်နေ့၊ ဘယ်ရက်မှာ ဆောင်ရွက်ပေးမယ်ဆိုတာကို တိတိကျကျ ဖြေကြားပေးစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်ပုံတင်ကိစ္စကို တည်ဆဲဥပဒေများနဲ့

အညီ ဆောင်ရွက်ပေးပါမယ်။ ဘယ်နေ့ဘယ်ရက်ဆိုတာတော့ ကျွန်တော် တိတိကျကျ လောလောဆယ် မဖြေနိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းလားမြို့နယ်၊ ဝမ်နောင်လုံအုပ်စုအတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်နောင်ဖျားကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ထည့်သွင်းဖွဲ့စည်းပေးနိုင်ရန်နှင့် ၎င်းကျေးရွာသူ၊ ကျေးရွာသားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းလားမြို့နယ်၊ ဝမ်နောင်လုံအုပ်စုအတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်နောင်ဖျားကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ထည့်သွင်းဖွဲ့စည်းပေးနိုင်ရန်နှင့် ၎င်းရွာများတွင် နေထိုင်သည့် ကျေးရွာသူ၊ ကျေးရွာသားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်နှင့် မိုင်းခတ်မြို့သည် မိုင် ၅၀ ကျော်ခန့်သာဝေးကွာပြီး ယင်းမြို့နှစ်မြို့ကြား ကားလမ်းမတစ်လျှောက်ရှိ ၂၃ မိုင်ရွာမှ ၂၈ ရွာအထိ ကြားတွင်ရှိသော ကျေးရွာ များသည် မိုင်းလားအထူးဒေသ(၄) မြို့နယ်နယ်နိမိတ်အတွင်း ပါဝင်ကြပါသည်။ ထို့ကြောင့် ထိုကျေးရွာ များမှ လားဟူ၊ အာခါ၊ ပလောင်တိုင်းရင်းသားများသည် နိုင်ငံသား တိုင်းရင်းသားစစ်စစ်များဖြစ်ကြပါလျက် အိမ်ထောင်စုစာရင်းပြုလုပ်ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ရန် မည်သည့်မြို့နယ်သို့ ထောင်ခံချက်ရယူရမည်ကို မသိဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိခဲ့ ကြပါ။ သို့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကာလအတွင်း ကျွန်တော်မှ လွှတ်တော်သို့ မေးမြန်းခဲ့ရာ ကျိုင်းတုံခရိုင် လ.ဝ.ကမှ တာဝန်ယူပြုလုပ်ပေးသဖြင့် ထိုရွာများမှ နိုင်ငံသားစိစစ်ရေး

ကတ်ပြားမရရှိသေးသူနှင့် အိမ်ထောင်စုစာရင်းမရှိသူ တော်တော်များများရရှိသွားကြသည့်အတွက် ဝမ်းသာခဲ့ကြပါသည်။ ယခုတဖန် ကျိုင်းတုံ-မိုင်းခတ်နှင့် မိုင်းလတ်မြို့တို့အကြားတွင်တည်ရှိတဲ့ အထူးဒေသ(၄)မိုင်းလားမြို့နယ် နယ်နိမိတ်အတွင်း ကျရောက်သည့် ဝါနန်လေးရွာနှင့် ဝါလောက်ဖျား ရွာများမှ အချို့ရွာသူရွာသားများဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မပြုလုပ်ရသည့်အတွက် ကျိုင်းတုံနှင့် မိုင်းခတ်မြို့များသို့ သွားလာ၍မရပါ။ မြို့အဝင်ဂိတ်များတွင် အနှောင့်အယှက်ပေးခံရခြင်း၊ နိုင်ငံသားတိုင်းရင်းသား စစ်စစ်ဖြစ်ပါလျက် သံသယထားခံရပြီး မရိုးမသားပြု၍ ဖြတ်သန်းနေရခြင်း အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိ၍ ထောက်ခံချက်ရယူရန် မိုင်းလားမြို့ အာဏာပိုင်အဖွဲ့ထံ ချဉ်းကပ်အကူအညီတောင်းသော်လည်း မိမိတို့ရွာများသည် မိုင်းလားမြို့နယ်နိမိတ်အတွင်းမရှိကြောင်း၊ မပေးနိုင်ကြောင်း ငြင်းပယ်ခံရပြီး မိုင်းခတ်မြို့တွင်သာတောင်းရန် ညွှန်ကြားသဖြင့် အတိဒုက္ခရောက်နေကြပါသည်။

အထူးဒေသ(၄) မိုင်းလားအနေဖြင့် ၎င်းရွာများအတွက် မည်သို့မျှ တာဝန်ယူဆောင်ရွက်ပေးမှု မရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အဖက်ဖက်တွင် အလွန်နိမ့်ကျလျက်ရှိပါသည်။ သို့အတွက် နိုင်ငံသားတိုင်းရင်းသားစစ်စစ်များ ဖြစ်ပါလျက် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး လုံးဝဆုံးရှုံးနေရပါသည်။ သို့ဖြစ်ပါ၍ ဝမ်းနောင်လုံအုပ်စု၊ ဝမ်နောင်လေးရွာနှင့် ဝမ်လောက်ဖျားရွာအပါအဝင် ကျေးရွာများ ၂၃ မိုင်နှင့် ၂၈ မိုင်ကြားရှိရွာများ၊ မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှသာ အဘက်ဘက်တွင် ပြန်လည်အဆင်ပြေမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါသည်။ ဒါကတော့ ဝမ်နောင်လုံကျေးရွာအတွင်းမှာရှိတဲ့ ဝမ်နောင်လေးကျေးရွာက မှတ်ပုံတင်ပြုလုပ်ချင်တဲ့ လူတွေဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း မှတ်ပုံတင်လုပ်ချင်တဲ့လူတွေဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဝမ်လောက်ဖျားရွာက မှတ်ပုံတင်လုပ်ခြင်တဲ့လူတွေ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဝမ်လောက်ဖျားရွာဖြစ်ပြီး ပတ်ဝန်းကျင်မှာ ဘာမှမရှိဘဲနဲ့ အဘက်ဘက်က နိမ့်ကျနေတဲ့ အနေအထားမျိုးကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ဝမ်နောင်လုံကျေးရွာ ပတ်ဝန်းကျင်မှာ သစ်တောပဲရှိပြီး လမ်းပန်းဆက်သွယ်ရေးကအစ အခက်အခဲများစွာရှိတဲ့ အနေအထားကို တွေ့ရတာဖြစ်ပါတယ်။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် ဒီမြေပုံမှာ ကျိုင်းတုံနှင့် မိုင်းခတ်လမ်းပေါ်မှာရှိတဲ့ ၂၃ မိုင်နှင့် ၂၈ မိုင်ဟာ မိုင်းလားမြို့နယ်ထဲမှာ

သွားရောက်ပါဝင်နေတာကို တွေ့ရတယ်။ ဒါဟာ တော်တော်လေးမဖြစ်သင့်တဲ့ကိစ္စလို့ ယူဆပါတယ်။ ဒီလိုပဲ ကွင်းနဲ့ပြထားတဲ့ ရွာလေးနှစ်ရွာဟာဆိုလို့ရှိရင်လည်း မိုင်းခတ်နှင့်ပိုပြီးနီးစပ်ပါတယ်။ မိုင်းခတ်နှင့်နီးပါတယ်။ သို့သော်လည်းပဲ မိုင်းလားမြို့နယ်အုပ်စုထဲမှာရှိတဲ့အတွက် စောစောကတင်ပြသလို မိုင်းလားအထူးဒေသ(၄)က မည်သည့်ဘက်ကမျှ တာဝန်မယူပေးတဲ့အတွက် အခက်အခဲရှိနေတာကို ပြခြင်းဖြစ်ပါတယ်။ သို့အတွက် မိုင်းလားမြို့နယ် ဝမ်နောင်လုံအုပ်စုအတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်လောက်ဖျားကျေးရွာနှင့် အနီးအနားရှိ ၂၃ မိုင်နှင့် ၂၈ မိုင်ရွာအကြားမှာရှိတဲ့ ရွာတွေကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ထည့်သွင်းဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိနှင့် ၎င်းရွာများတွင် နေထိုင်သည့် ကျေးရွာသူ၊ ကျေးရွာသားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဝမ်းနောင်လုံအုပ်စုအတွင်းမှာရှိတဲ့ ဝမ်းနောင်လေးကျေးရွာ၊ ဝမ်လောက်ဖျားကျေးရွာနှင့် အနီးအနားကျေးရွာများကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ဖွဲ့စည်းပေးနိုင်ရေး တင်ပြချက်ဟာ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာ(၁၆၈၇/၂၀၁၇) အရ မိုင်းခတ်မြို့နယ်အတွင်းမှာ ဝမ်နောင်လုံကျေးရွာအုပ်စုတစ်အုပ်စုနှင့် ကျေးရွာလေးရွာဖြစ်တဲ့ ချယ်လောင်ဝမ်၊ ဝမ်လောက်ဖျား၊ ဝမ်နောင်လေးနှင့် ဝမ်နောင်လုံကျေးရွာများဟာ ပါဝင်ပါတယ်ခင်ဗျား။

သို့ရာတွင် အဲဒီဝမ်နောင်လုံကျေးရွာအုပ်စုဟာ မိုင်းလားဒေသ အထူးဒေသ(၄)အောက်ရောက်ရှိနေတဲ့အတွက် ဒီလိုအခက်အခဲဖြစ်နေတာ ဖြစ်ပါတယ်။ ဝမ်နောင်လုံကျေးရွာအုပ်စုကို အထူးဒေသ-၄ မိုင်းလားကနေပြီးမှ တာဝန်ယူအုပ်ချုပ်ထားသော်လည်းပဲ အဲဒီကျေးရွာအုပ်စုနှင့်ပတ်သက်ပြီး

တော့မှ ကျေးရွာအုပ်ချုပ်ရေးမှူး ခန့်အပ်ထားခြင်းမရှိကြောင်းနှင့် တာဝန်ယူမှုမရှိကြောင်း သိရပါတယ်။ ဒီဝမ်နောင်လုံကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဝမ်နောင်လေးကျေးရွာ၊ ဝမ်လောက်ဖျားကျေးရွာနှင့်အနီးနားမှာရှိတဲ့ ကျေးရွာများကို ဝမ်နောင်လုံကျေးရွာအုပ်စုမှ ခွဲထုတ်ပြီးတော့ မိုင်းခတ်ကျေးရွာအုပ်စုအတွင်းသို့ ထည့်သွင်းဖွဲ့စည်းရန်ကိစ္စကလည်းပဲ နယ်မြေကွပ်ကဲမှု ရယူထားရတဲ့ အထူးဒေသ(၄) အဖွဲ့အစည်းနှင့် မူဝါဒပိုင်းဆိုင်ရာ၊ နယ်မြေအုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ညှိနှိုင်းပြီးတော့မှ တွေ့ဆုံဆွေးနွေးသွားဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် ရှမ်းပြည်နယ်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆွေးနွေးပြီးမှပဲ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ဝမ်နောင်လုံကျေးရွာအုပ်စုအတွင်းမှာရှိတာကတိုင်းရင်းသားလူမျိုးများဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ကွင်းဆင်းစစ်ဆေးပြီးတော့မှမှတ်ပုံတင်ပြီးထုတ်ပေးနိုင်ဖို့အတွက်ကို စီစဉ်နိုင်ပါတယ်။ အစီအစဉ်လည်းရှိပါတယ်။

သို့ရာတွင် အဲဒီဒေသကို သွားရောက်ဖို့အတွက် ကွပ်ကဲအုပ်ချုပ်နေတဲ့ အထူးဒေသ(၄)မှာ တာဝန်ယူဆောင်ရွက်နေတဲ့ မိုင်းလားမှာရှိတဲ့အဖွဲ့တွေက အဲဒီတိုင်းရင်းသားများကို ခေါ်ယူပေးနိုင်ခြင်း မရှိတဲ့အတွက်လည်းပဲ လောလောဆယ် မလုပ်ပေးနိုင်ခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီအုပ်စုတွေကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ဖို့၊ ခေါ်ယူလုပ်ဆောင်ပေးနိုင်ဖို့လည်းပဲ သက်ဆိုင်ရာ အထူးဒေသနှင့်ဒေသအာဏာပိုင်များဖြစ်တဲ့ ရှမ်းပြည်နယ်ဒေသအစိုးရအဖွဲ့အပါအဝင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ ညှိနှိုင်းပြီးတော့မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒလ-တွံတေးကားလမ်းမကြီးဘေးရှိ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား ပြောင်းရွှေ့ရန်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ဒလ-တွံတေးကားလမ်းမကြီးဘေးမှာရှိတဲ့ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေတဲ့ အမှိုက်ပုံကြီး

ကို သင့်ရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အမှိုက်ပုံကြီးရွှေ့ဖို့အတွက် လိုအပ်တဲ့မြေကို ဝယ်ယူဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရန်ပုံငွေချထားရန်အစီအစဉ်နှင့်ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါ တယ်။ ပုံထဲကအတိုင်း ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်အတွင်းမှာရှိတဲ့ အကျယ်အဝန်းအားဖြင့် ၂.၇၄ ဧကရှိတဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲနေတဲ့ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီး ဟာ ၁၉၉၈ ခုနှစ်ကစပြီး ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီနေ့အချိန်မှာတော့ ဒလတစ်မြို့လုံးထွက် အမှိုက် တန်ချိန် နေ့စဉ် ၂၈ တန်ခန့်၊ သုံးတန်ကား ခြောက်စီးခန့် စွန့်ပစ်နေရပါတယ်။ တွင်းတူးမြှုပ်နှံစနစ်နဲ့ လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ကျန်စစ်သားရပ်ကွက် အစွန်မှာ ရှိပေမဲ့ ယခုအချိန်မှာတော့ ပုံမှာမြင်ရတဲ့အတိုင်း အနီးပတ်ဝန်းကျင်မှာ လူနေထူထပ် လာရုံမက ဒလ-တွံတေးလမ်းမကြီးဘေးမှာတည်ရှိနေတာကြောင့် ခရီးသွားပြည်သူတွေနဲ့ ကျန်စစ်သား ရပ်ကွက် သာမက ဒလနေပြည်သူများဟာ ပုံပါအမှိုက်ဆိုးများမှ နေ့စဉ်အနံ့ဆိုးများ မြို့ဝင်၊ မြို့ထွက် ရှူရှိုက်နေရပြီး ပြည်သူ့ကျန်းမာရေးအတွက် ဆိုးကျိုးများကြုံတွေ့ရမယ့် အန္တရာယ်ပေါ်ပေါက် နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှိုက်ပုံပတ်ဝန်းကျင်မှာ အခြေခံပညာမူလတန်းကျောင်းအမှတ်(၆)ဟာ လည်း ပုံပါအတိုင်း တည်ရှိနေပါတယ်။ ဒလရဲ့အနာဂတ်ဖြစ်တဲ့ ကျောင်းသားကလေးငယ်များ နေ့စဉ် လေသင့်ရာအမှိုက်နံ့ကို ရှူရှိုက်နေရပြီး ပြည်သူ့ကိုယ်စားလှယ်များကို မကြာခဏတင်ပြလေ့ရှိတဲ့ ပြဿနာဖြစ်ပါတယ်။ ဒါတင်မက ဘုန်းတော်ကြီးကျောင်းများလည်းတည်ရှိနေတဲ့အတွက် ကျောင်းနေ သံဃာတော်များကလည်း အမှိုက်ပုံကိုရွှေ့ပေးရန် မကြာခဏပြောကြပါတယ်။ ဒလမြို့ရဲ့လူဦးရေဟာ ၁၉၉၈ ခုနှစ်ကထက် သုံးဆခန့် ၁၈၀၀၀၀ ခန့်ရှိလာပြီး လူနေမှုလည်း သိပ်သည်းလာတဲ့အတွက် ကြီးထွားလာတဲ့အမှိုက်ပုံကြီးကြောင့် ကျန်းမာရေးဆိုးကျိုးများနေ့စဉ်ခံစားနေရပြီး မြို့အင်္ဂါရပ်နှင့် မကိုက်ညီတော့တဲ့အမှိုက်ပုံကြီးဖြစ်နေပါပြီ။ တွံ့တေးမြို့နယ်မှ ဒလမြို့သို့အဝင် မြို့ဝင်ဆိုင်းဘုတ်က ကြိုဆိုရမယ့်အစား အနံ့တစ်ထောင်းထောင်းထနေသော၊ အမြင်မတင့်တယ်သောအမှိုက်ပုံကြီးက ကြိုဆိုနေတဲ့အတွက် သူရဲကောင်းမြို့လို့ခေါ်တဲ့ ဒလမြို့ရဲ့ဂုဏ်ထူးဆောင်ကျက်သရေကို ယုတ်လျော့စေ ပါတယ်။ သူရဲကောင်းမြို့ကို ဂုဏ်ပြုထုတ်ဝေတဲ့ မြို့ဂုဏ်ပြုမဂ္ဂဇင်းအဖုံးပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လက ဒီအမှိုက်ပုံကြီးရှိတဲ့နေရာမှာ ပုံမှာပါတဲ့အတိုင်း ဒလမြို့သို့လာရောက်တဲ့ ဒီမိုကရေစီနဲ့လူထုခေါင်းဆောင်တဲ့အဖွဲ့ခရီးစဉ်ကို နှစ်ညနဲ့သုံးရက်တားမြစ်ခံခဲ့ရပြီး ဒီနေရာဟာ ဒလမြို့လူထုက မြို့အတွက် ဒီမိုကရေစီသမိုင်းဝင် နောင်မျိုးဆက်များအတွက် အမှတ်တရပြုလုပ်ပေးသင့်တဲ့နေရာလို့ သတ်မှတ်ထားကြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒလ-ရန်ကုန် တံတား ပန္နက်တင်ခံမင်္ဂလာအခမ်းအနားကျင်းပရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၂၄-၁၂-၂၀၁၈ ရက်နေ့က လာရောက်စဉ် အမှိုက်ပုံရွှေ့ဆိုင်းရေးနဲ့ပတ်သက်ပြီး မေတ္တာရပ်ခံစာပေးပို့ခဲ့တဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနနှင့် လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံစည်းဝေးပြီး အမြန်ဆုံးပြောင်းရွှေ့ရန် သဘောတူခဲ့ကြပါတယ်။ အမှိုက်ပုံ ရွှေ့ပြောင်းရန်အတွက် မြေရှာပေးရန် ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ပေါ်ခဲ့ပါတယ်။ ထိုသို့ဆုံးဖြတ်ခဲ့သည့် အတွက် ထော်အောက်ရွာအနီးမှာ ပုံပါ မြေရှစ်ဧကရှိရာ ထိုမြေကို ရန်ကုန်တိုင်းဒေသကြီးရန်ပုံငွေနှင့် ဝယ်ယူခွင့်ပြုရန် တင်ပြထားပြီးဖြစ်သော်လည်း မရရှိခဲ့ပါ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ်က လွှတ်တော်တွင် ပြောင်းရွှေ့နိုင်ရေးအတွက် မေးခွန်းမေးခဲ့ခြင်း၊ ၂၀၁၉ ခုနှစ် မတ်လအတွင်းက တိုင်းဒေသကြီး(၁)နှင့် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်များမှ ရန်ပုံငွေချထားရန် မြို့တော်ဝန်သို့ တင်ပြခဲ့ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင် တိကျသောအဖြေကို မရသည့် အတွက် အဆိုပါကြယ်ပွင့်ပြမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ ဒလ-တွံတေး ကားလမ်းမကြီးဘေးရှိ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား သင့်လျော်ရာသို့ ပြောင်းရွှေ့ရန်အစီအစဉ်ရှိ/မရှိနှင့် အမှိုက်ပုံကြီးပြောင်းရွှေ့ရန်အတွက် ထော်အောက် ရွာအနီးမှ မြေကိုဝယ်ယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအလှူရန်ပုံငွေမှ ချထားပေးပါရန် အစီအစဉ်

ရှိ/မရှိနှင့် မရှိပါက မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒလမြို့နယ် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်အမည်ပေါက်ဖြင့် ၁၉၉၆-၁၉၉၇ ခုနှစ်မှစတင်အသုံးပြုခဲ့ခြင်း၊ အမှိုက်ပုံဧရိယာအဖြစ် ၁.၃ ဧကခန့်သာအသုံးပြုနိုင်ခဲ့ခြင်းနှင့် အမှိုက်စုပုံခြင်းအား ယခုအချိန်ထိ ၂၂ နှစ်ကြာ အသုံးပြုခဲ့ရာ တစ်ရက်အမှိုက်ထွက်ရှိမှုနှုန်း ငါးတန်မှ ၁၀ တန်ခန့်အထိ ထွက်ရှိရာမှ လက်ရှိတွင် တစ်ရက်အမှိုက်ထွက်ရှိမှုနှုန်း ၂၄ တန်မှ ၂၈ တန်အထိ ရှိလာသည့်အတွက် မြေတစ်ဧကအား အမှိုက်စုပုံပြီး ဝ.၃ ဧကခန့်သာ ကျန်ရှိလျက်ရှိပါတယ်။ နောင်တစ်နှစ်အထိသာ အမှိုက်စုပုံနိုင်မည် ဖြစ်သည့်အတွက် အမှိုက်စွန့်ပစ်မည့်နေရာနှင့်ပတ်သက်ပြီး မဖြစ်မနေဖြေရှင်းရတော့မည့် ပြဿနာ ဖြစ်ကြောင်း ဖြေကြားထားရှိပါတယ်။ ဒလမြို့နယ်မှထွက်ရှိသော အမှိုက်များအားလုံးကို မြေကျင်းတူး၍ တိုက်ရိုက်စွန့်ပစ်သည့် Open Dumping စနစ်ဖြင့် စုပုံနေရခြင်းဖြစ်ပြီး အမှိုက်များပြန့်ကျဲခြင်းမရှိစေရန် ယာဉ်ယန္တရားများဖြင့်လည်း အခါအားလျော်စွာ စုစည်းသိမ်းဆည်းခြင်းဖြင့် အနံ့အသက်နှင့် ယင်ကောင်များ လျော့ပါးစေရေးအတွက် အမှိုက်ပုံကြီးများတွင် သုံးသောဆေးများသုံးစွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါတွင် အမှိုက်ပုံပြောင်းရွှေ့ရေးအတွက် ထပ်မံတင်ပြလာသည့်အတွက် ဒလမြို့နယ်ပတ်ဝန်းကျင်တွင် မြေနေရာသစ်များ ရှာဖွေလျက်ရှိပါတယ်။

အမှိုက်ပုံပြောင်းရွှေ့နိုင်ရေးအတွက် ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရုံး မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့မှ တင်ပြလာသည့်မြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်။ (က) အဆိုပါမြေကွက်သည် လယ်ကွက်ခြောက်ကွက် တစ်ဆက်တည်းဖြစ်ပြီး ၈.၄၅ ဧကခန့်ရှိသော ဒလခနေတ်လမ်းနှင့် ထော်အောက်ကျေးရွာအတွင်း တည်ရှိခြင်း၊ (ခ) လယ်ကွက်နေရာသည် ဒလခနေတ်ကားလမ်းမှ ပေ ၃၀၀၀ ကျော်ခန့်နှင့် ထော်အောက်ရွာ အဝင်လမ်းနှင့် ပေ ၂၅၀၀ ကျော်ခန့်အကွာအဝေးတွင် တည်ရှိပြီး လက်ရှိအမှိုက်စုပုံသည့်နေရာနှင့် အဖြောင့်တိုင်းတာပါက ပေ ၉၀၀၀ ကျော်ခန့် ကွာဝေး၍ အမှိုက်သိမ်းဆည်းဆောင်ရွက်မှု ပိုမိုဝေးကွာမည်ဖြစ်ခြင်းနှင့် လမ်းမမှ ယင်းလယ်ကွက်သို့ ဝင်/ထွက်နိုင်ရန် အခြားလယ်ကွက်များမှ လမ်းမြေ အသုံးပြုရန် ထပ်မံညှိနှိုင်းဝယ်ယူရမည်ဖြစ်ခြင်း၊ (ဂ) လယ်ကွက်နေရာမှာ လက်ရှိအမှိုက်ပုံထက် ပို၍ဝေးသည့်နေရာတွင်ရှိသဖြင့် အမှိုက်သိမ်းယာဉ်များနှင့် စက်ယန္တရားကြီးများ လိုအပ်မည်ဖြစ်ခြင်း၊ (ဃ) ဘေးပတ်ဝန်းကျင်တွင် လက်ရှိစိုက်ပျိုးနေသည့် လယ်မြေကွက်များတည်ရှိနေ၍ အမှိုက်စုပုံခြင်း

အား မည်သို့မျှသန့်စင်ခြင်းမပြုဘဲ တိုက်ရိုက်စွန့်ပစ် မည်ဆိုလျှင်အမှိုက်မှထွက်ရှိသည့်အရည်များကြောင့် ပတ်ဝန်းကျင်ရှိ လယ်မြေများ ပျက်စီးမှုများဖြစ်ပေါ်ပြီး စိုက်ပျိုး၍မရနိုင်သော အခြေအနေသို့ ဖြစ်ပေါ်လာနိုင်ခြင်း၊ (င) ဒလမြို့နယ်တွင် နောင်တိုးတက်ဖွံ့ဖြိုးလာမည့်အနေအထားများအရ အမှိုက်ထွက်ရှိမှုနှုန်းများပြားလာမည်ဖြစ်ရာ ရေရှည်အတွက် အစီအမံများမချမှတ်နိုင်မီ ရေတိုကာလအတွက် အမှိုက်ပုံအဖြစ် အသုံးပြုမည်ဆိုပါက ဘေးလယ်ကွက်များ ပျက်စီးမှုမရှိစေနိုင်သည့် အမှိုက်စုပုံမှုနည်းစနစ်များ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေလျာထားဆောင်ရွက်ရန်လိုအပ်ခြင်း၊ (စ) ယခုလယ်မြေဧကအား ဝယ်ယူရန်နှင့် ဝင်/ထွက်လမ်းများအတွက် အခြားလယ်များဝယ်ယူရန် ရန်ပုံငွေလျာထားရန်လိုအပ်ခြင်းစသည်တို့ကို တွေ့ရှိရပါတယ်။

လက်ရှိ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ထော်အောက်ကျေးရွာရှိ လယ်ယာမြေရှစ်ဧကပေါ်သို့ ဝယ်ယူပြောင်းရွှေ့ပေးနိုင်ရေး၊ ရန်ပုံငွေများချထားပေးနိုင်ရေး တင်ပြလာခြင်းနှင့် အဆိုပါလယ်မြေများအား စစ်ဆေးတွေ့ရှိရသည့်အခြေအနေများကို ၇-၅-၂၀၁၉ ရက်နေ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ကျင်းပပြုလုပ်ခဲ့သော ကော်မတီဝင်များ၏အစည်းအဝေးတွင် ဆွေးနွေးခဲ့ရာ အစည်းအဝေးမှတ်တမ်း(၁၄/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၆(ဂ)အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြရန် ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၁၆-၅-၂၀၁၉ ရက်နေ့တွင်ပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၉) သို့ တင်ပြခဲ့ရာ ဆုံးဖြတ်ချက်အပိုဒ် ၂၅ အရ မူလလျာထားသည့်မြေရှစ်ဧကအပြင် နောက်ထပ်မြေ ၁၂ ဧက ထပ်တိုးဝယ်ယူရန်နှင့် အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းအား Private(ပုဂ္ဂလိက)နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမှ စွမ်းအင်ပြန်ရချက်အချိုး(Ener gy Return on Investment) ရရှိစေရေး ခေါ်ယူဆောင်ရွက်ရန်ဟု ဆုံးဖြတ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မေးခွန်းနှင့်စပ်လျဉ်း၍ အချုပ်အားဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားထားရှိပါတယ်။ (က) အမှိုက်ပုံပြောင်းရွှေ့ရန် တင်ပြလာသည့် ထော်အောက်ကျေးရွာမှ လယ်မြေကွက်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ အဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ အထက်တွင်ဖော်ပြထားသည့်ကွင်းဆင်းစစ်ဆေးချက်များအရ ရေရှည်အတွက် စဉ်းစားရာတွင် အမှိုက်ပုံနေရာအဖြစ် အသုံးပြုရန်မသင့်လျော်၍ မူလလျာထားသည့် မြေရှစ်ဧကအပြင် နောက်ထပ်မြေ ၁၂ ဧက စုစုပေါင်း ၂၀ ဧကအား ဝယ်ယူရန် မြေနေရာအသစ်ထပ်မံရှာဖွေဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ (ခ) အဆိုပါ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံပြောင်းရွှေ့ ဆောင်ရွက်

ရန်အတွက် မြေနေရာ ၂၀ ဧကဝယ်ယူရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဘတ်ဂျက်လျာထားချက်၌ ထည့်သွင်းလျာထားထားရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့် ကျောက်ပြားစက်ရုံလမ်းကြားရှိ အလျားပေ (၁၀၀)၊ အနံ(၈၅)ပေ ကျယ်ဝန်းသောမြေကွက်အား နိုင်ငံရေးပါတီတစ်ခုအမည်ဖြင့် ဂရန်ထုတ်ပေးထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတော်က ကလေးကစားကွင်းအဖြစ် သတ်မှတ်ပေးခဲ့သောမြေကွက်အား နိုင်ငံရေးပါတီတစ်ခု၏အမည်အဖြစ် ဂရန်ထုတ်ထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် မေးခွန်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါမြေနေရာရှိ အမှတ်(၂)ရပ်ကွက်သည် ၁၉၈၄ ခုနှစ်ကတည်းက မီးအကြီးအကျယ်လောင်ပြီးနောက် နိုင်ငံတော်အစိုးရက မြို့ပြပုံစံစနစ်တကျ အကွက်ရိုက်ပြီး ပြန်လည်နေရာချထားပေးသော ရပ်ကွက်ဖြစ်ပါတယ်။ မြို့အင်္ဂါနဲ့ညီစေရန် အများပြည်သူသက်ဆိုင်သော မြေနေရာများအဖြစ် သမဝါယမအသင်းမြေနေရာ၊ ဈေးမြေနေရာ၊ စာကြည့်တိုက်မြေနေရာ၊ ဓမ္မာရုံမြေနေရာ၊ အုပ်ချုပ်ရေးမှူးရုံးမြေနေရာနှင့် ကလေးကစားကွင်းမြေနေရာစသည်ဖြင့် စနစ်တကျအကွက်ရိုက်ပေးခဲ့တာ ဖြစ်ပါတယ်။ မီးမလောင်ခင်ကလည်း ကလေးကစားကွင်းဖြစ်ပါတယ်။ ၁၉၈၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် နိုင်ငံတော်က တရားဝင်ကလေးကစားကွင်းအဖြစ် သတ်မှတ်ပေးခဲ့သော (၁၀၀ ပေ x ၈၅ ပေ)ကျယ်ဝန်းသည့် မြေနေရာတွင် လူကြီး၊ လူငယ်၊ ကလေးများပျော်ရွှင်လုံခြုံစွာ စုကစားရုံသာမက ဘာသာရေးပွဲများ၊

နိုင်ငံတော်အခါကြီးနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ကြပါတယ်။ အဆိုပါ ကစားကွင်းအား ၁၉၉၅ ခုနှစ်တွင် လူမှုရေးအသင်းတစ်သင်းက ကလေးများဝင်ရောက်ကစား ခွင့်မပြု တော့ဘဲ ရုံးတစ်ရုံးဆောက်၍ ဥပဒေနှင့်ညီညွတ်မှုမရှိသော သိမ်းယူမှုများပြုလုပ်ခဲ့ကြပါတယ်။ ၂၀၁၀ ခုနှစ်တွင် အဆိုပါကစားကွင်းကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ထိုအသင်းအား ဂရန်ထုတ်ပေးခဲ့ရုံသာမက အသင်းမှ နိုင်ငံရေးပါတီအဖြစ် ကူးပြောင်းသည်အထိ စွန့်လွှတ်မှုမရှိဘဲ အခိုင်အမာ ခြံဝင်းခတ် ယူသွားခဲ့တာဖြစ်ပါတယ်။ ရပ်ကွက်နေ ရပ်မိရပ်ဖ၊ ပြည်သူလူထုများက အဆိုပါကစားကွင်း သိမ်းယူ ခဲ့ခြင်းအပေါ် အကြိမ်ကြိမ်ကန့်ကွက်ခြင်း၊ ယခင်အစိုးရလက်ထက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများက လက်မှတ်ရေးထိုး၍ အသနားခံစာတင်ပြခြင်း၊ ယခု အစိုးရလက်ထက်တွင်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က အစရှိသည်များ ပြုလုပ်ခဲ့ကြပါတယ်။ ယခု အစိုးရလက်ထက်တွင် တိုင်းဒေသကြီးလွှတ်တော်က စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်း၊ ပြည်သူ့ ကိုယ်စားဆောင်ရွက်ပေးရန် တင်ပြသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူ များကိုယ်စား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းဒေသကြီး မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်လူမျိုးရေးရာဝန်ကြီးချုပ်ထံ စာဖြင့် တင်ပြထားသော်လည်း ယခုအချိန်ထိ ပြည်သူများလက်ဝယ်သို့ ကလေးကစားကွင်းအဖြစ် ပြန်လည် စွန့်လွှတ်ခြင်း မရှိသေးပါ။

ဥက္ကဋ္ဌကြီးရှင့်။ ၈-၃-၂၀၁၀ ရက်စွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၂/၂၀၁၀)ဖြင့် ထုတ်ပြန်ထားသော နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းများ ပုဒ်မ ၁၂(က)တွင် ပါတီ တစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည် ခွင့်မရှိစေရဟု ပါပါတယ်။ ပုဒ်မ ၁၂(က) အပိုဒ်ခွဲ(၄)တွင် နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အဦ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရယူသုံးစွဲထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း။ ပုဒ်မ ၁၂(ခ) တွင် ကော်မရှင်သည် အပိုဒ်ခွဲ(က)ပါ အချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသောပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ယင်းပါတီကိုလည်း ဖျက်သိမ်းရမည်ဟု အတိအလင်းဖော်ပြထားတာရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုအချိန်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်တွင် အနာဂတ်ခေါင်းဆောင် ဖြစ်လာမည့် ကလေးများ လုံခြုံစွာကစားရန် ကစားကွင်းမရှိသောကြောင့် လမ်းပေါ်ထွက်ပြီးတော့

လုပ်ရှားနေကြသဖြင့် ကလေးများအတွက် အန္တရာယ်များစွာရှိနေပါတယ်။ ကလေးသူငယ်များသာမက လူကြီး၊ လူငယ်၊ လူလတ် မရွေးကိုယ်လက်လှုပ်ရှားမှု ကျန်းမာသန်စွမ်းသည့်အပြင် မူးယစ်ဆေးဝါး သုံးစွဲခြင်းစသော စိတ်လေလွင့်မှုများဖြစ်ပေါ်လာသော အလေ့အကျင့်ဆိုးများကို ဖြေလျှော့ချနိုင်ပြီး နိုင်ငံတော်အား ဖွံ့ဖြိုးတိုးတက်၍ အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ နိုင်ငံတော်က ကလေးကစားကွင်းအဖြစ်သတ်မှတ်ထားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့် ကျောက်ပြားစက်ရုံလမ်းရှိ အလျားပေ ၁၀၀၊ အနံ ၈၅ ပေ ကျယ်ဝန်းသောမြေကွက်အား နိုင်ငံရေးပါတီတစ်ခု၏အမည်ဖြင့် ဂရန်ထုတ်ထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်းကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်းလို့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းအား ကျွန်တော် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးညီထွန်းမှပင် ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်၏ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့် ကျောက်ပြားစက်ရုံလမ်းကြားရှိ အလျားပေ ၁၀၀ ၊ အနံ ၈၅ ပေကျယ်ဝန်းသော မြေကွက်အား နိုင်ငံရေးပါတီတစ်ခု၏အမည်ဖြင့် ဂရန်ထုတ်ပေးထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

တင်ပြပါမြေနေရာသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်းနှင့်ကျောက်ပြားစက်ရုံလမ်းကြားရှိ အလျား ၁၀၀ ပေ၊ အနံ ၈၅ ပေခန့်တည်ရှိသော မြေနေရာ ဖြစ်ပြီး အဆိုပါမြေနေရာကို ၁-၁၁-၂၀၀၄ ရက်စွဲပါအမှုတွဲအမှတ်(မရက/၁၂၉၅၆(က)/၂၀၀၄)ဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ နှစ်(၆၀) မြေငှားစာချုပ်ဂရန်

ထုတ်ပေးထားရှိကြောင်းနှင့် ဌာနရှိမြို့မြေစာရင်း(Town Land Roll)၊ မြို့အကွက်ချမြေပုံ(Block Map)တို့တွင်လည်း ရုံးမြေနေရာအဖြစ် သတ်မှတ်ထားရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းမြေနေရာနှင့် စပ်လျဉ်းပြီး မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ လုပ်သားပြည်သူ ၃၂၉ ဦး၏ တင်ပြချက်အရ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်(၁)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းမှ ၁၅-၆-၂၀၁၆ ရက်စွဲပါစာဖြင့် ဥက္ကဋ္ဌ၊ မြို့တော်ဝန်ထံ အဆိုပါမြေအား အများပိုင်ကလေးကစားကွင်း အဖြစ် ပြန်လည်ထားရှိပေးပါရန် တင်ပြခဲ့ပါသည်။

အဆိုပါတင်ပြချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြန်လည်စိစစ်၍ တွေ့ရှိချက်များအား ၂၀-၇-၂၀၁၆ ရက်စွဲပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ တင်ပြချက်မှ ကောက်နုတ်ချက်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က) မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၄/သမိုင်း)၊ မြေကွက်အမှတ်[၃/က(A)]ဧရိယာ ၀.၁၈၄ ဧကကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမည်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် ခွင့်ပြု ထုတ်ပေးခဲ့ခြင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၀ အရ မြေသိမ်းခဲ့ခြင်းဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်များအရ မြေပိုင်မြေကိုသိမ်းယူလိုလျှင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေ ၃၅ နှင့် ၃၆ အရ မြေပိုင်မြေကိုသိမ်းယူနိုင်သည့် အခွင့်အာဏာသည် ပြည်ထဲရေးဝန်ကြီး ဌာန၌ရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်းမရှိဘဲ ဂရန်ထုတ်ပေးထားခြင်းဖြစ်သဖြင့် ဂရန်ပယ်ဖျက်သွားမည်ဖြစ်ကြောင်းနှင့် ဂရန်ပြန်လည်အပ်နှံရေးအကြောင်းကြားရန်ဟု ဖြစ်ပါတယ်။

မြေပိုင်မြေဆိုတာကတော့ တစ်ဦးချင်းပိုင်တဲ့မြေကို အခေါ်အရ မြေပိုင်မြေလို့ခေါ်ခြင်းကို ကျွန်တော်ရှင်းလင်းတင်ပြအပ်ပါတယ်။(ခ)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဖြင့် ထုတ်ပေး ထားသော နှစ်(၆၀) မြေငှားစာချုပ်ဂရန်အားပယ်ဖျက်၍ မူလမြေအမည်ပေါက် ဒေါ်တင်(မီးလောင် မြေ)ဟု ရုံးတွင်းအမိန့်ဖြင့် မြို့မြေစာရင်းတွင် ပြန်လည်မှတ်သားရန်၊ ဒီမြေဟာ မူလတုန်းက ၁၉၈၅ ခုနှစ်၊ ၁၉၈၆ ခုနှစ်မတိုင်မီမှာ မီးလောင်မှုမဖြစ်ပွားခင်မှာ ပိုင်ဆိုင်သူဟာ ဒေါ်တင်ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒေါ်တင်(မီးလောင်မြေ)ဆိုပြီး ကျွန်တော်တို့မှတ်သားထားတာ ဖြစ်ပါတယ်။ (ဂ) အဆိုပါမြေနေရာ အား အများပြည်သူအသုံးပြုနိုင်သော ကလေးကစားကွင်းအမည်ဖြင့် မှတ်သားထားရှိနိုင်ရေး လုပ်ထုံး လုပ်နည်းနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရန်၊ (ဃ) ပြည်ထဲရေးဝန်ကြီးသို့ တင်ပြနေစဉ်ကာလအတွင်း မူလအမည်ပေါက်တွင် ကလေးကစားကွင်းအဖြစ်သာထားရှိရေး ရုံးတွင်း အမိန့်ထုတ်၍ ခဲမှတ်ချက်ဖြင့် မှတ်သားရန်ဟု ကျွန်တော်တို့ တင်ပြခဲ့တာဖြစ်ပါတယ်။

အဆိုပါတင်ပြချက်အား ၂၁-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၁၆)ဆုံးဖြတ်ချက်အပိုဒ် ၁၂ အရ သဘောတူကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၇-၇-၂၀၁၆ ရက်စွဲပါစာဖြင့် ပြန်ကြားခဲ့ပါတယ်။ ယင်းနောက် မြို့စာရင်းတွင် ၅-၈-၂၀၁၆ ရက်စွဲပါ ရုံးတွင်းအမိန့်အမှတ်(၁၇၃၀/၂၀၁၆)အရ ၁-၁၁-၂၀၀၄ ရက်နေ့ တွင် အမှုတွဲအမှတ်(မရက/၁၂၉၅၆(က)/၂၀၀၄)ဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းသို့ ထုတ်ပေးထားသည့် နှစ်(၆၀) မြေငှားစာချုပ်ဂရန်အား ပယ်ဖျက်ပြီး မူလ အမည်ပေါက် ဒေါ်တင်(မီးလောင်မြေ)မြေအမျိုးအစားမြေပိုင် စာအမှတ်၊ ၅၇/၆၁(စျ)(က)၂၈၊ ၆၆)အရ ၃(ခ)ဝင်ခံလက်မှတ်ပေးဟု ပြန်လည်မှတ်သားခဲ့ပြီးဖြစ်ပါသည်။ သဘောကတော့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရဲ့ မြေငှားစာချုပ်ကိုပယ်ဖျက်ပြီးတော့ မူလအမည်ပေါက်ဖြစ်တဲ့ ဒေါ်တင်(မီးလောင်မြေ) မြေအမျိုးအစားမြေပိုင်အဖြစ်နဲ့ ပြန်လည်ပြီးတော့မှ မှတ်သားခဲ့ကြောင်း ၅-၈-၂၀၁၆ ရက်နေ့မှာ ပြန်လည်မှတ်သားခဲ့ကြောင်း လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားထားတာဖြစ်ပါတယ်။ အဆိုပါမြေငှားစာချုပ်ဂရန်အား ပယ်ဖျက်ပြီး မူလမြေအမည်ပေါက် သတ်မှတ်ထားရှိပြီးဖြစ်သည့်အပြင် အများပိုင်ကလေးကစားကွင်းအဖြစ် ပြန်လည်အသုံးပြုရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်၍ အဆိုပါဂရန်မူရင်းအား ပြန်လည်အပ်နှံပါရန် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသို့ ၈-၈-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိအခြေ အနေတွင် အဆိုပါမြေနေရာကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး၏ အများပြည်သူအကျိုးအလို့ငှာ အများပိုင်ကလေးကစားကွင်းအဖြစ်ဆောင်ရွက်ရန် ညှိနှိုင်းမှုအရ အဆိုပါမြေကွက်အား ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ကလေးကစားကွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဟု မြို့မြေစာရင်း(Town Land Roll)တွင် ပြင်ဆင်မှတ်သားဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ကြောင်းကို တင်ပြထားရှိပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ အခုလို နေပြည်တော်ကောင်စီကနေပြီးတော့ ပြည့်ပြည့်စုံစုံဖြေကြားတဲ့

အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ အခုဖြေပြတဲ့အထဲမှာ နှစ်(၆၀)ဂရန်ကို ပယ်ဖျက်ပြီးတော့ ၁-၁၁-၂၀၀၄ ရက်နေ့ကတည်းက ဂရန်ပြန်အပ်ဖို့ ပါပါတယ်။ ဒါပေမဲ့ Power Point မှာ မနေ့ကပုံရိုက်ထားတာဖြစ်ပါတယ်။ ဒီအသင်းကလည်း ဆိုင်းဘုတ်လည်းမဖြုတ်သေးဘူး။ ပြန်လည်းမအပ်သေးဘူး။ အသင်းပတ်ပတ်လည်မှာရှိတဲ့ ဆိုင်ခန်းတွေရဲ့ ဈေးခကိုတောင်မှ ကောက်ပြီးတော့ ပေးရတဲ့ဟာဖြစ်ပါတယ်။ ဒါ မနေ့အထိပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်အပ်ထားတဲ့ဟာကို ဘာဖြစ်လို့ ဒီလောက်ထိကြာနေအောင် တည်ရှိနေတာကို ဘာကြောင့်ဖြစ်လဲဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းလေး မေးကြည့်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတာကတော့ လက်တွေ့လုပ်ဆောင်မှုအပိုင်းနဲ့ပတ်သက်ပြီး မေးမြန်းတာဖြစ်တဲ့အတွက် ဘာလို့ ဒီလောက်ကြာနေလဲဆိုတာတော့ ရန်ကုန်တိုင်းဒေသကြီးကပဲ ဖြေကြားနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းအရတော့ ယခု လက်ရှိနေရာက ဂရန်စာချုပ်ကို ပယ်ဖျက်ပြီးဖြစ်တဲ့အတွက် ပြန်လည်အပ်နှံရမှာဖြစ်ပါတယ်။ ပြန်လည်အပ်နှံပြီးလို့ရှိရင်လည်း ရန်ကုန်မြို့တော်စည်ပင်ပိုင်အဖြစ်နဲ့တော့ အခုတော့ စည်ပင်နယ်မြေက စီမံခန့်ခွဲတဲ့နေရာအဖြစ်တော့ သတ်မှတ်လို့မရသေးပါဘူး။ ပြန်ပြီးရပြီးတဲ့အခါကျတော့မှ ပြည်ထဲရေးဝန်ကြီးဌာနကို ပြန်တင်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာနက မြေသိမ်းအမိန့်နဲ့ မြေသိမ်းရပါမယ်။ မြေသိမ်းပြီးတဲ့အခါကျတော့မှသာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးရဲ့ စီမံခန့်ခွဲမှုအောက်ကို ရောက်ရှိမှာဖြစ်ပါတယ်။ အခုအချိန်ကတော့ ပုဂ္ဂလိကပိုင်မြေအဖြစ်နဲ့ပဲ တည်ရှိနေတဲ့အနေအထားမျိုးရှိတဲ့အတွက် လိုအပ်တဲ့လုပ်ထုံးလုပ်နည်းတွေကို ပြည်ထဲရေးဝန်ကြီးဌာနကို ဆက်လက်ပြီးတင်ပြရမယ့်အနေအထားမျိုး လုပ်ထုံးလုပ်နည်းကို ကျွန်တော့်အနေနဲ့ ဖြေရှင်းတင်ပြတာပါ။ လက်တွေ့လုပ်ဆောင်မှုအပိုင်းအနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြန့်ကြာနေမှုအပိုင်းနဲ့ပတ်သက်လို့ ပြန်လည်မေးမြန်းပြီးတော့မှ ဖြေကြားနိုင်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ရဲလောင်းချောင်းရေပေးစီမံကိန်းအတွက် လိုအပ်သောရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကန်ပက်လက်မြို့ သောက်သုံးရေဖူလုံရေး ရဲလောင်းချောင်းရေပေးစီမံကိန်းအတွက် လိုအပ်သောရန်ပုံငွေခွဲဝေချထားပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန်ပက်လက်မြို့ဟာ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ထားတဲ့ ခေါ်နူးစုမ်အမျိုးသားဥယျာဉ်တည်ရှိရာ ခေါ်နူးစုမ်တောင်၊ ဝိတိုရိယတောင်ခြေမှာရှိတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်ကြတဲ့မြို့ဖြစ်ပြီး တစ်နှစ်ပြီးတစ်နှစ် ကျေးလက်မှမြို့ပေါ်သို့ ပြောင်းရွှေ့အခြေချနေထိုင်သူတွေ၊ အိမ်ခြေသစ်တွေတိုးပွားလျက်ရှိပါတယ်။ အိမ်ခြေတွေ တစ်နှစ်ပြီးတစ်နှစ် တိုးပွားလာတာနှင့်အမျှ သောက်သုံးရေမလုံလောက်တဲ့အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ ကန်ပက်လက်မြို့ရေပေးဝေရေးကို ၁၉၈၉ ခုနှစ်မှာ UNICEF ပံ့ပိုးမှုနှင့်တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ စည်ပင်သာယာရေး ချင်းပြည်နယ်အစိုးရအဖွဲ့စီမံချက်ဖြင့်တစ်ကြိမ် ရေပေးစီမံကိန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ကန်ပက်လက်မြို့အတွင်း အိမ်ခြေများလာတဲ့အတွက် ယခင်ကရေဖြန့်ဝေရာမှာလုံလောက်ခဲ့ပေမဲ့ ယခုလက်ရှိမှာ မြို့ပေါ်အိမ်ခြေတွေတိုးပွားလာတာကတစ်ကြောင်း၊ လက်ရှိရေသွယ်ယူတဲ့ရေအရင်းအမြစ်တွေ ခန်းခြောက်လာတာကတစ်ကြောင်းကြောင့် ယခင်ရေသွယ်ယူတဲ့ရေပိုက်တွေ ဟောင်းနွမ်းပြီး အသစ်ပြန်လည်လဲလှယ်ဖို့လိုအပ်နေတာတွေကတစ်ကြောင်း စတဲ့အကြောင်းအရင်းတွေကြောင့် မြို့နေလူထုအတွက် ရေလုံလောက်မှုဖူလုံမှုမရှိတော့တာကို တွေ့မြင်နေရပါတယ်။ ယခုကျွန်တော်တင်ပြမေးမြန်းတဲ့ ရဲလောင်းချောင်းရေအရင်းအမြစ်ဟာ ကန်ပက်လက်မြို့နှင့် ၆ မိုင်အကွာမှာတည်ရှိပြီး သန့်ရှင်းတဲ့၊ လုံလောက်ဖူလုံနိုင်တဲ့ ရေအရင်းအမြစ်ဖြစ်ပါတယ်။ ဒီရေအရင်းအမြစ်ကို စနစ်တကျသွယ်ယူနိုင်မယ်ဆိုရင် ကန်ပက်လက်မြို့နေ ပြည်သူတွေအတွက် နောင် ဆယ်စုနှစ်တစ်ခု

အထိ သောက်သုံးရေဖူလုံပြီးတော့မှ ပူပန်စရာမလိုဘဲ လုံလောက်ဖူလုံသွားမယ့် ရေအရင်းအမြစ်မျိုး ဖြစ်ပါတယ်။

Power Point သုံးစွဲတင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ယခင်ရေသွယ်ယူတဲ့နေရာနဲ့ ယခု ကျွန်တော်တို့ ရဲလောင်းချောင်းရေစမ်းဦး ရေပေးဝေရေးဆောင်ရွက်မယ့်တည်နေရာပြပုံ ဖြစ်ပါတယ်။ ဒါကတော့ ယခင်ရေပေးဝေရေးရေပိုက်လိုင်းတွေဟာ အချိန်ကာလကြာမြင့်လာပြီဖြစ်တဲ့အတွက် အမှိုက်တွေ၊ သစ်မြစ်တွေပိတ်ဆို့ပြီးတော့မှ အသစ်လဲလှယ်ဖို့ပိုက်လိုင်းကို လုံးလုံးလျားလျားလဲလှယ်ဖို့ လိုအပ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါလည်းပဲ ပိုက်လိုင်းတွေဟာ အချိန်ကာလကြာမြင့်လာတာ ဖြစ်တဲ့အတွက် ဒီပိုက်လိုင်းတွေဟာ ပျက်စီးနေတာဖြစ်ပါတယ်။ ဒါလည်းပဲ မြို့နယ်စည်ပင်ဝန်ထမ်း တွေနဲ့ စည်ပင်ကော်မတီတို့ကနေပြီးတော့မှ ပိုက်လိုင်းကို တောက်လျှောက်လိုက်ပြီးတော့မှ ပြုပြင် နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ယခုကျွန်တော်တို့ သောက်သုံးရေဖူလုံရေးအတွက် ကျွန်တော့် တင်ပြချက်ပါ ရဲလောင်းချောင်းရေပေးဝေရေးစီမံကိန်းအတွက် ရေစမ်းဦးနေရာကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ စည်ပင်ကော်မတီ ဝင်များ သွားရောက်ကွင်းဆင်းတဲ့ပုံဖြစ်ပါတယ်။ ဒီဟာက ဘေးနားကမြားစက်နဲ့ဖော်ပြထားတဲ့ နေရာဟာ ရေအရင်းအမြစ်ရေနေရာ ဖြစ်ပါတယ်။ အဲဒီကွင်းဆင်းတဲ့အချိန်ဟာလည်း ရေခန်းခြောက်စဉ် ကာလ မေလမှာဖြစ်ပါတယ်။ ရေအရင်းအမြစ်ကောင်းမွန်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့သောက်သုံးရေဖူလုံရေး ရဲလောင်းချောင်း သောက်သုံးရေသွယ်ယူရေး စီမံကိန်းအတွက် လိုအပ်တဲ့ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ကန်ပက်လက် မြို့နေပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွန့်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှဆက်လက်ပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း၏

ကန်ပက်လက်မြို့ သောက်သုံးရေဖူလုံနိုင်စေရေးအတွက် ရဲလောင်းချောင်းရေပေးဝေရေးစီမံကိန်း အတွက် လိုအပ်သောရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ဖြေကြားချက်မှာ ကန်ပက်လက်မြို့ သောက်သုံးရေ ဖူလုံနိုင်စေရေးအတွက် ရဲလောင်းချောင်းမှ လေးလက်မ PPC ပိုက်ဖြင့် ရေသွယ်ယူခြင်းလုပ်ငန်း ၅ မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ရန်ပုံငွေကျပ် ၃၅၀.၀၀ သန်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တွက်ချက်၍လျာထားတင်ပြထားရှိပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီဝင် ပြန်လည်ထွက်ခွာနိုင်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝ ရရှိစေရေးနှင့် အခက်အခဲများ ကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက် ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမောင်မြင့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီး ကျွန်တော့်ရဲ့အဆိုနှင့် ပတ်သက်လို့ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ အဆိုမှာအပိုင်းနှစ်ပိုင်း ပါပါတယ်။ ပထမပိုင်းကတော့ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်ရှိနေတဲ့မြန်မာလုပ်သား ငါးသန်းခန့်ကို Lobour Right အပြည့်အဝရရှိစေဖို့နှင့် အခက်အခဲကြုံတွေ့ရတဲ့အခါမှာ ထိရောက် လျင်မြန်စွာကူညီစောင့်ရှောက်ပေးရန်ဖြစ်ပြီးတော့ ဒုတိယပိုင်းကတော့ ပြည်ပကို ဘုရားပွဲသွားသလို

အုံးအုံးကြွပ်ကြွပ်သွားနေကြတာတွေနည်းသွားစေဖို့ ဖြစ်နိုင်ရင်ရပ်တန့်သွားပြီးတော့မှ ပြည်ပက ကျွမ်းကျင်လုပ်သားတွေ ပြည်တွင်းကိုပြန်လည်ဝင်ရောက်နိုင်စေဖို့အတွက် ပြည်တွင်းမှာ Labour Intensive Industry တွေ အလုံးအရင်းနှင့်ပေါ်ပေါက်လာစေဖို့အတွက် စီမံဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။ ပြည်ပကိုသွားရောက်လုပ်ကိုင်ကြတာက မိမိတို့နိုင်ငံကိုမချစ်လို့ခြေစုံကန်ပြီးသွားကြတာ မဟုတ်ပါဘူး။ ရေကြည်ရာမြက်နုရာရှာဖွေရင်းနဲ့ လုပ်ခလစာပိုမိုကောင်းမွန်ပြီးတော့ လုပ်ကွင်းလုပ်ကွက်ကောင်းတဲ့နေရာတွေရှာဖွေကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မြန်မာတွေ ပြည်ပမှာကျွန်ခံနေတယ်ပြောတာကို ကျွန်တော်ကန့်ကွက်ခဲ့ဖူးတာမှတ်မိကြအုံးမှာပါ။ တချိန်ကတော့ ထိုင်းနိုင်ငံကို တရားမဝင်ထွက်ခွာပြီး ထိုင်းဘက်က တချို့တစ်ဝက်ကို တရားဝင်အဖြစ်နဲ့လက်ခံပေမဲ့ ရာခိုင်နှုန်းခက်များများက တရားမဝင်ဖြစ်ကြပါတယ်။ တရားမဝင်အလုပ်သမားတွေက တချိန်က အလုပ်ရှင်ပြဿနာနှုန်းခဲ့ကြတယ်။ လုပ်ခလစာအပြည့်အဝမရပါဘူး။ သူတို့ခွင့်ပြန်ရင်လည်း လူမိုက်တွေ၊ ထိုင်းရဲတွေနဲ့ပေါင်းပြီးဖမ်းတယ်။ ဝေစားမျှစားလုပ်တယ်။ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရသူနဲ့ပတ်သက်ပြီးတော့မှ လျော်ကြေးရဖို့ဆိုတာ ဝေလာဝေးပါပဲ။ ဒါတွေကို နှစ်နိုင်ငံဆွေးနွေးပွဲတွေ သုံး၊ လေးနှစ်အချိန်ယူပြီးမှ ဆောင်ရွက်ခဲ့ရပါတယ်။

တစ်ဖက်ကလည်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ သိုင်းဝိုင်းဖိအားပေးနိုင်ခဲ့တဲ့အတွက် နောက်ဆုံးမှာတော့ ထိုင်းအစိုးရက သဘောတူညီမှုရရှိခဲ့ပါတယ်။ ဒါကြောင့်လည်း နှစ်နှစ်၊ သုံးနှစ်အတောအတွင်းမှာ မြန်မာတရားမဝင်အလုပ်သမား ၁၆၈၀၅၅၆ ယောက်ကို Temporary Passport တွေထုတ်ပေးပြီးတော့မှ ထိုင်းဘက်ကသတ်မှတ်တဲ့ Work Permit တွေ၊ ဆေးစစ်တာတွေ၊ Visa Fees တွေပေးတဲ့အတွက် တရားဝင်အလုပ်သမားအဖြစ်နဲ့ ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ တရားဝင် ဖြစ်သွားတဲ့အတွက် ထိုင်းနိုင်ငံကသတ်မှတ်ထားတဲ့အနည်းဆုံးလုပ်ခလစာကိုရရှိပြီးတော့ ထိုင်းရဲနဲ့ လ.ဝ.က တို့ရဲ့ဖိနှိပ်မှုတွေက မရှိသလောက်နီးပါးလွတ်မြောက်သွားခဲ့ပါတယ်။ Temporary Passport တွေ သက်တမ်းကုန်သွားတဲ့အခါကျတော့ ဒါကိုကုစားနိုင်ဖို့အတွက် နှစ်နိုင်ငံဆွေးနွေးပွဲတွေ ပြန်လုပ်ခဲ့ပြီးတော့မှ ဒီဘက်အစိုးရလက်ထက်မှာတော့ ၂၀၁၇ ခုနှစ်က C of I ဆိုတာကိုထုတ်ပေးလာခဲ့ပါတယ်။ C of I ထုတ်ပေးသည့်အရေအတွက်ဟာ အခုချိန်ထိဆိုရင်တော့ ၁၀၉၉၅၈၆ ဖြစ်တဲ့အတွက်ကြောင့် မို့လို့ မူလက Temporary Passport ထုတ်ပေးရတဲ့ ၁.၆ သန်းနဲ့နှိုင်းယှဉ်မယ်ဆိုရင် ၆၀၀၀၀၀ နီးပါး ကွာဟနေပါသေးတယ်။

ကျွန်တော်အပါအဝင်ကျွမ်းကျင်သူတွေခန့်မှန်းတာကတော့ ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံသား အလုပ်သမား ၃.၅ သန်းခန့်ရှိတယ်ဆိုတာပါပဲ။ C of I ထုတ်ပေးပြီးတာက ၁.၀၉ သန်းရှိပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ အထိ ဘန်ကောက်မှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးတာ ၁.၂၅ သိန်း၊ MoU စနစ်အရ မြန်မာနိုင်ငံက သာမန်နိုင်ငံကူးလက်မှတ်နဲ့သွားတာက ၃၀၀၀၀၀ ဆိုကြပါစို့။ ဒါဆိုလို့ရှိရင် Document ခိုင်ခိုင်မာမာရှိတာက ၁.၀၉ သန်း+ ၁.၂၅ သိန်း+ ၃ သိန်းဟုစုစုပေါင်းမှ ၁.၅ သန်းပဲရှိပါတယ်။ ဒါဆိုရင် စုစုပေါင်း ၃.၅ သန်းရှိတဲ့အနက် ၁.၅ သန်းသာအထောက်အထားရှိတာ မို့ နှစ်သန်းကျော်ဟာ C of I မရှိတဲ့ တရားမဝင်အလုပ်သမားတွေအဖြစ်နဲ့ရှိနေတယ်လို့ တွက်ဆနိုင်ပါ တယ်။

တရားဝင်အလုပ်သမားတစ်ယောက်ဖြစ်တာတောင်မှ Labour Right ကို အပြည့်အဝမရရဖို့ အတွက် အာမမခံနိုင်တဲ့အချိန်မှာ ထိုင်းမှာရှိတဲ့တရားမဝင် မြန်မာအလုပ်သမားနှစ်သန်းကို တရားဝင် ဖြစ်ဖို့အတွက် C of I ထုတ်ပေးတဲ့ကိစ္စက လွန်စွာအရေးကြီးနေပြီဆိုတာကို ကျွန်တော်က ထောက်ပြ လိုတာဖြစ်ပါတယ်။ ထိုင်းမှာ မြန်မာအလုပ်သမား သုံးသောင်းမှ ငါးသန်းခန့်ရှိပေမဲ့ Labour Attache ငါးယောက်ပဲရှိပါတယ်။ ဒါကြောင့် Labour Attache တစ်ယောက်ဟာ အလုပ်သမားခုနစ်သိန်းကို Coverage ဖြစ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာတောင်မလိုပါဘူးခင်ဗျား။ နိုင်ငံကဆင်းရဲပြီး ငွေကြေး ကျပ်တည်းတယ်ဆိုပေမဲ့ မြန်မာ အလုပ်သမား Density များတဲ့ ထိုင်း၊ မလေးရှားတို့မှာ Labour Attache ကိုဖြစ်နိုင်သမျှ မြန်မြန်တိုးချဲ့ခန့်အပ်ဖို့လိုသလို နယ်မြေရုံးခွဲတွေ ဖွင့်လှစ်ဖို့လည်းလိုတယ် ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ နံနက် ငါးနာရီလောက်မှာ မင်္ဂလာဒုံလေဆိပ်က ပြည်ပထွက်ခွာ ဆောင်ကို တစေ့တစောင်းသွားကြည့်လိုက်စမ်းပါ။ ကျွန်တော်တို့မြန်မာတွေ ပြည်ပကို စိတ်ထွက်တဲ့ အဆင့်မဟုတ်တော့ဘဲနဲ့ ဘယ်လောက်ထိအလုံးအရင်းလိုက်ထွက်နေကြတယ်ဆိုတာကို စိတ်မကောင်း စွာတွေ့ရှိရပါလိမ့်မယ်။ ရရှိတဲ့စာရင်းဇယားအရတော့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ တစ်လတည်းမှာပင် ပြည်ပကို စုစုပေါင်းအလုပ်သမား ၂၃၀၀၀ ကျော် ထွက်ခွာပါတယ်။ ဒါဟာ တရားဝင် Work Permit ထွက်ခွာတာဖြစ်ပြီးတော့မှ Work Permit မပါဘဲနဲ့ Visit အမည်ခံထွက်တာတွေ၊ နယ်စပ်ကနေ တရား မဝင်ထွက်တာတွေလည်း ရှိနိုင်ပါသေးတယ်။ ဘာပဲပြောပြော လတိုင်းသာဒီလိုထွက်နေမယ်ဆိုရင် တော့ တစ်နှစ်ကို ၂.၅ သိန်းနဲ့အထက်မှာထွက်မယ်လို့ ကျွန်တော်တို့ Calculate တွက်လို့ရပါတယ်။

အဆိုးထဲကအကောင်းကတော့ သူတို့ပြန်ပို့တဲ့ပိုက်ဆံက သူတို့မိသားစုအတွက် ငွေရတာလေး တစ်ခုရှိပါတယ်။ ကျွန်တော် ဒီလိုပြောတာတွေက လက်ရှိအစိုးရကိုချည်းအပြစ်တင်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့အစိုးရလက်ထက်ကလည်း ဒီ Issue က ရှိခဲ့တာပါပဲ။ ဒါပေမဲ့ ဒီလောက် မများသလို ဒီလောက်အခြေအနေမဆိုးပါဘူး။ ကျွန်တော်တို့အစိုးရလက်ထက်က FDI တွေမလာပါနဲ့။ Sanction တွေလုပ်ပါလို့ပြောခဲ့တဲ့ အတိုက်အခံတွေရဲ့ပရောဂဟာ အစိုးရရဲ့ Function ကို အထိုက်အလျောက် Drag ဖြစ်စေတာတော့အမှန်ပါပဲ။ အခုကျွန်တော်တို့က အတိုက်အခံဖြစ်နေပါပြီ။ ကျွန်တော်တို့က FDI မလာပါနဲ့။ Sanction တွေလုပ်ပါလို့ပြောတာကြားဖူးပါသလား။ ဒီလွှတ်တော်ကြီးမှာတောင်မှ အမေရိကန်ရဲ့ Sanction ကို Lift လုပ်ပေးဖို့အတွက် အစိုးရအနေနဲ့ အမေရိကန်ကိုပြောကြားဖို့ တိုက်တွန်းတဲ့အဆိုဟာ မဲခွဲတော့ရှုံးနိမ့်သွားခဲ့ပါတယ်။ ဘယ်သူတွေကန့်ကွက်ခဲ့လဲဆိုတာ ပြည်သူတွေ သိနေပါပြီ။ ပြည်တွင်းမှာ FDI လာတာနည်းတော့ အလုပ်အကိုင်ရှားတယ်။ လုပ်ခလစာကလည်း ပြည်ပနဲ့ယှဉ်ရင် များးစွာနည်းပါတယ်။ ကျွန်တော်တို့ရဲ့အနည်းဆုံးလုပ်ခလစာက အခု ၄၈၀၀ ကျပ်ပဲရှိပါတယ်။ ထိုင်းမှာ အနည်းဆုံးလုပ်ခက ဘတ် ၃၀၀ ရတယ်။ မြန်မာငွေနဲ့ဆိုရင် ၁၅၀၀၀ ကျပ်ခန့်ရှိနေပါပြီ။

နောက်တစ်ခုကတော့ Decent Work ဖြစ်ဖို့လိုပါတယ်။ ထိုင်းကစက်ရုံ ၁၀၀ ကျော်ကို ကျွန်တော်ရောက်ရှိဖူးပါတယ်။ များသောအားဖြင့် Dormitory ပါတဲ့အတွက်ကြောင့်မို့လို့ အလုပ်သမားတွေရဲ့နေရေးက ပူစရာမလိုပါဘူး။ ဒီမှာက FDI လာလို့ရှိရင် Dormitory ကိုထည့်သွင်းတောင်းဆိုမှု မရှိတဲ့အတွက်ကြောင့်မို့လို့ လှိုင်သာယာ၊ ရွှေပြည်သာမှာရှိတဲ့အလုပ်သမားတွေဟာ ကျူးကျော်တွေ ဖြစ်ကုန်ပြီးတော့မှ Law Enforcement ကိုထိခိုက်စေပါတယ်။ Dormitory မရှိတော့ Work Site ကို Ferry စီစဉ်ပေးရပြီး အလုပ်ချိန်ကိုထိခိုက်စေသလို မလိုလားအပ်တဲ့အုပ်ချုပ်မှုကိစ္စတွေ၊ ကုန်ကျစရိတ်တွေ တစ်ဆက်တည်းဖြစ်ပေါ်စေပါတယ်။

ကျွန်တော်တို့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ CMP လုပ်ငန်းဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဘယ်လိုအရေးကြီးသလဲဆိုရင်တော့ အလုပ်အကိုင်ရရှိဖို့နဲ့ အရင်းအနှီးမရှိဘဲနဲ့ ဝင်ငွေရရှိခြင်းပဲဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်က အတိုက်အခံတွေရဲ့တောင်းဆိုမှုအရ FDI တွေပြန်ထွက်သွားတဲ့အတွက် CMP အနည်းစုပါဝင်ကြလို့ အလုပ်သမား ၇၀၀၀၀ လောက် အလုပ်လက်မဲ့ဖြစ်တာကို ပြန်ပြောင်းပြီး မှတ်မိကြအုံးမှာပါ။ ဒီလိုနဲ့ CMP ဟာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေရာကနေ သမ္မတကြီးဦးသိန်းစိန်

တက်လာပြီးတဲ့နောက် ၂၀၁၂ ခုနှစ်က CMP Export Volume ဟာ ဒေါ်လာ ၈၀၃ သန်းပဲရှိပါသေးတယ်။ ၂၀၁၄ ခုနှစ်မှာတော့ တစ်ဘီလီယံကျော်လာပြီးတော့မှ EU ကလည်း GSP ကိုရရှိလာတဲ့အတွက်ကြောင့် ဒီရက်ပိုင်းမှာတော့ ၅၀ ရာခိုင်နှုန်းကျော်တိုးတက်လာတာကို တွေ့ရပါတယ်။

အထည်ချုပ်အသင်းရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဦးတင့်စိုး ဆီကရတဲ့သတင်းအရဆိုရင်တော့ ၂၀၁၈ ခုနှစ်မှ CMP Export Volume ဟာ ၄.၂ ဘီလီယံရှိပြီးတော့မှ ၂၀၁၉ ခုနှစ် ဒီနှစ်တော့ ၅ ဘီလီယံထိရမယ်လို့မျှော်မှန်းထားကြောင်း သိရပါတယ်။ အင်မတန်ဝမ်းသာပါတယ်။ CMP အလုပ်ရုံတွေဟာ ယခင်ကနည်းပါတယ်။ အခုအခါမှာ ၅၈၀ ရှိလာပြီးတော့မှ တချို့အလုပ်ရုံတွေမှာ အလုပ်သမား ၆၀၀၀လောက်ထိရှိလာပါတယ်။ Investment ကလည်း ယခင်က တစ်လကို စက်ရုံလေး၊ ငါးရုံရှိပေမဲ့ အခုအခါမှာ တစ်လကို စက်ရုံခြောက်ရုံအထက်မှာ ဝင်လာနေပါတယ်။ အဲဒါကြောင့်မို့လို့ ၂၀၁၂ ခုနှစ်က အလုပ် သမား ၁.၅ သိန်းသာရှိတဲ့ ဒီ Industry ဟာ အခုအခါမှာ ခြောက်သိန်းရှိလာပြီလို့သိရပါတယ်။ ခြောက်နှစ်၊ ခုနှစ်နှစ်အတောအတွင်းမှာ အလုပ်သမား ၁.၅ သိန်းကို အလုပ်အကိုင်ပေးနိုင်တာကိုလည်း ကျွန်တော်တို့ဝမ်းမြောက်စွာတွေ့ရှိရပါတယ်။ ကျွန်တော်တင်ပြခဲ့သလိုပဲ CMP Industry က တစ်နှစ်ကို အလုပ်သမား ၇၀၀၀၀ အလုပ်ခန့်အပ်နိုင်တယ်ဆိုပေမဲ့ ဒါဟာလုံလောက်ပြီလို့ပြောလို့မရပါဘူး။ အလုပ်သမားတွေက အလုပ်လိုချင်နေကြပါသေးတယ်။ ဒါကြောင့်မို့လို့လည်း ပြည်တွင်းမှာ အလုပ်အကိုင်ရှားလို့ ပြည်ပကိုထွက်ကြတာဟာ ရှင်းလင်းစွာတွေ့ရှိနေရပါတယ်။ ယခုအခါမှာတော့ ကမ္ဘာမှာရှိတဲ့ Top Ten Brand တွေဖြစ်တဲ့ H & M၊ Fly Mark Gap စတဲ့ Brand တွေက မြန်မာပြည်မှာထုတ်လုပ်နေကြပြီဆိုတာသိရလို့ အများကြီးဝမ်းသာပါတယ်။ CMP ဖွံ့ဖြိုးဖို့အတွက်လည်း ကျွန်တော်တို့အများကြီးလုပ်ရအုံးမှာပါ။ Port Facility မြှင့်တင်ဖို့၊ လျှပ်စစ်မီးမှန်ဖို့၊ Skilled Labour တွေ မွေးထုတ်ပေးနိုင်ဖို့၊ အလုပ်သမားဥပဒေခိုင်မာဖို့လိုအပ်နေပါသေးတယ်။

CMP ကို Base လုပ်ထားပေမဲ့ ယခုအခါမှာတော့ CMP ထက်တစ်ဆင့်မြင့်တဲ့ FOB စနစ်ကို အသွင်ကူးပြောင်းဖို့လိုအပ်နေပါတယ်။ FOB စနစ်ရဲ့သဘောကတော့ စက်ရုံပိုင်ရှင်က ပိတ်စကို ပြည်ပကကိုယ်တိုင်မှာယူချုပ်လုပ်တာဖြစ်လို့ Profit Margin ပိုပြီးကျယ်ပါတယ်။ ဈေးကွက်ပြိုင်ဆိုင်မှုလည်း ပိုပြီးကောင်းပါတယ်။ နိုင်ငံတော်ကလည်း Income Tax ကိုပိုမိုရရှိစေမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ ပိတ်စကို ပြည်ပကမှာယူစရာမလိုဘဲ ပြည်တွင်းမှာပဲ ချည်စက်တွေ၊ ယက်ကန်းစက်တွေနဲ့ ပိတ်စထုတ်လုပ်နိုင်သည်အထိ Supply Chain တစ်ခုလုံးကို ပြည်တွင်းမှာပဲလုပ်နိုင်တဲ့ Textile

Industry တစ်ခုဖြစ်လာအောင် နိုင်ငံတော်က လမ်းညွှန်ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။ ၁-၄-၂၀၁၈ ရက်နေ့ကနေမှ ၂၈-၂-၂၀၁၉ ရက်နေ့ထိ အစိုးရဌာနတွေမှာ ဝန်ထမ်း ၉၀၀၀ ဦး၊ ပုဂ္ဂလိကဌာနတွေမှာ ဝန်ထမ်း ၂၀၀၀၀၀ ကျော် စုစုပေါင်းဝန်ထမ်း ၂၂၀၀၀၀ ကျော် အလုပ်အကိုင်ခန့်နိုင်တယ်လို့သိရလို့ ဝမ်းသာပါတယ်။ တစ်နှစ်မှာ အလုပ်သမား ၂၀၀၀၀၀ ကျော်ကို ခန့်ပေးနိုင်တယ်ဆိုပေမဲ့လည်း အလုပ်သမားမှတ်ပုံတင်တာက ၁.၁ သန်းကျော်ရှိတော့ အလုပ်သမား ၉၀၀၀၀၀ ခန့်ကတော့ အလုပ်ရှာနေသေးတယ်။ အလုပ်လက်မဲ့ဖြစ်နေတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမှာ ကျယ်ပြန့်တဲ့ CMP နဲ့အတူ Real Estate Sector ကိုလည်း ထိုက်သင့်သလိုအားပေးဖို့ လိုပါတယ်။ ဒီ Sector ကလည်း Supply Chain လွန်စွာကျယ်ပြန့်တဲ့အတွက် အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်ပါတယ်။

အစိုးရတက်လာပြီးတဲ့နောက် အထပ်မြင့်အဆောက်အဦတွေကို Strict လုပ်တယ်။ B.O.T အဆောက်အဦတွေကို အခွန်ဖြေလျှော့ပေးပြီးတော့မှ ပြည်တွင်းလုပ်ငန်းရှင်တွေကို ဆန်ရင်းနာနာဖွတ်တာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ Real Estate Sector ဟာ ပြိုကျနေပါတယ်။ ဒါကိုလည်း ပြန်ပြီးတော့မှ ပြုပြင်ပြောင်းလဲမှုတွေ၊ ဖြေလျှော့မှုတွေ ပြုလုပ်ဖို့လိုနေပြီလို့ ကျွန်တော် ဒီနေရာကနေ တင်ပြလိုပါတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့အဆိုကတော့ နိုင်ငံတော်၏လုပ်သားထုကြီးမှာ ပြည်ပနိုင်ငံများတွင် ငါးသန်းခန့် တရားဝင်အဖြစ်ရော၊ တရားမဝင်အဖြစ်ပါ ရောက်ရှိနေကြပါသည်။ ၎င်းတို့ရောက်ရှိနေသောနိုင်ငံများတွင် Labour Right အပြည့်အဝခံစားရခြင်းမရှိဘဲ တစ်ခါတစ်ရံ အလုပ်ရှင်ကလည်းကောင်း၊ လူမိုက်များကလည်းကောင်း တရားမဲ့ညှင်းပမ်းနှိပ်စက်မှုခံကြရပါတယ်။ အထက်ပါ အလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံအလိုက် လုံလောက်သည့်စောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်ပရောက်မြန်မာများအတွက် မိမိတို့နိုင်ငံတွင် Labour Intensive Industry လုပ်ငန်းများ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရန်အတွက် စီမံဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မြင့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

မူကြမ်း

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ မင်းကင်းမဲဆန္ဒနယ်က ဦးမောင်မြင့် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံက ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်မှုမှာ လူသားအရင်း အမြစ် ကြွယ်ဝမှုနှင့် ဒီလူသားအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲအသုံးပြုခြင်းဟာ အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ လူဦးရေ သန်း ၁၄၂၀ ခန့်ရှိတဲ့ တရုတ်နိုင်ငံ၊ လူဦးရေ ၁၃၆၈ သန်းကျော်ရှိတဲ့ အိန္ဒိယ နိုင်ငံနှင့် မြန်မာနိုင်ငံအကျယ်အဝန်းထက် ငါးပုံတစ်ပုံသာရှိပြီး မြန်မာနိုင်ငံတော် လူဦးရေ သုံးဆကျော် ၁၆၈ သန်းခန့်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ နိုင်ငံအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လူဦးရေဆိုင်ရာမူဝါဒတွေ စနစ်တကျ ရေးဆွဲပြဋ္ဌာန်း ထားရန် လိုအပ်ကြောင်းတင်ပြလိုပါတယ်။

လက်ရှိနိုင်ငံတော်မှာ လူဦးရေ ၅၄ သန်းကျော်ရှိပြီး အလုပ်အကိုင်လုပ်နိုင်တဲ့ အရွယ်၊ အသက်၊ အပိုင်းအခြားမှာ လူဦးရေ ၃၆.၅၆ သန်းရှိကြောင်း သိရပါတယ်။ ဒီလုပ်သားအင်အား၊ လူ့စွမ်းအား တွေကို အပြည့်အဝ အသုံးချနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အရှိန်အဟုန်မပျက် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ယခင်မြန်မာ့စီးပွားရေးမူဝါဒနှင့် နိုင်ငံရေးတိုက်ခိုက်မှုတွေကြောင့် အလုပ် အကိုင်လုပ်နိုင်သူတွေကို ပြည်ပကို အလုပ်အကိုင် ရှာဖွေမပေးနိုင်ခဲ့သလို ပြည်တွင်းမှာလည်း Labour Intensive Industry ဆိုတဲ့ လုပ်သားအခြေပြုနိုင်တဲ့ စက်ရုံ၊ အလုပ်ရုံတွေ အထိုက် အလျောက်ပဲ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် တာဝန်ယူခဲ့ကြတဲ့ အစိုးရအသီးသီးဟာ ပြည်တွင်း အလုပ်အကိုင်ရရှိရေး စက်ရုံ၊ အလုပ်ရုံဟာ နှစ်ရှည်၊ နှစ်တိုစီမံကိန်းတွေ ချမှတ်ပြီးတော့ တည်ဆောက် ပေးခဲ့ကြသလို ပြည်ပအလုပ်အကိုင်ရရှိနိုင်ရေးအတွက်လည်း တံခါးဖွင့်ဆောင်ရွက်ပေးခဲ့တာ တွေ့ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနဟာ ၁၉၉၀ ခုနှစ်ကစပြီးတော့ ပြည်ပကိုသွားရောက်အလုပ်လုပ်ကိုင်သူများကို တရားဝင် စေလွှတ် ခဲ့ပြီးတဲ့နောက် ၁၉၉၉ ခုနှစ်မှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီဥပဒေ အရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေပေါ်ပေါက်လာခဲ့ပြီး စုစုပေါင်း ၂၈၇ ခုရှိခဲ့ပါတယ်။ အခု ၂၂ ခု ယာယီပိတ်သိမ်းထားတဲ့အတွက် လက်ရှိ ၂၆၅ ခုနှင့် လုပ်ငန်းဆောင်ရွက် နေကြောင်း သိရှိရပါတယ်။ ၁၉၉၀ ကစပြီး ပြည်ပကိုစေလွှတ်ခဲ့တဲ့နိုင်ငံတွေက ၁၉ နိုင်ငံရှိခဲ့ပေမဲ့

ယခုအခါမှာ မလေးရှား၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ UAE၊ ကာတာ၊ မကာအို၊ ဂျော်ဒန်စုစုပေါင်း ကိုးနိုင်ငံသာ သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုပြည်ပနိုင်ငံများကို တရားဝင်စေလွှတ်ခဲ့တဲ့ စာရင်းကိုကြည့်မယ် ဆိုရင် ၁၉၉၀ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၅၁၉၄၆၁ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၁၅၀၈၁၄ ဦးနှင့် ၂၀၁၈ ခုနှစ်မှာ ၂၀၉၀၀၀ ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလကနေ ဇွန်လအထိ ၁၄၇၀၀၀ ဦးရှိခဲ့တဲ့အတွက် စုစုပေါင်း ၁၀၂၆၂၇၅ ဦးရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံမှာ သွားရောက်လုပ်ကိုင်သူတွေ အများဆုံးလို့သိရပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဘဏ်အသီးသီးက ပေးပို့တဲ့စာရင်းတွေအရ ပြည်ပနိုင်ငံတွေမှာ ငွေလွှဲပို့တဲ့အလုပ်သမား ဦးရေဟာ ၁၄၅၈၆၇ ဦးရှိပြီးတော့ ငွေလွှဲပို့တဲ့ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၄၂၈.၄၆၈ သန်းရှိ ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ GDP ရဲ့ ၀.၈၁ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာ ၁.၀၆ ရာခိုင်နှုန်းရှိတယ်လို့သိရပါတယ်။ အခုလို ပြည်ပနိုင်ငံများမှာ အလုပ်အကိုင် ရှာဖွေ လုပ်ကိုင်သူတွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးအတွက် အထောက်အကူပြုခြင်းဟာ အားရဂုဏ်ယူစရာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကမ္ဘာ့အခြေအနေမှာလည်းပဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမား တွေ တစ်စတစ်စ တိုးတက်များပြားလာသလို မြန်မာနိုင်ငံမှာလည်း ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပကို တရားဝင်ရော၊ တရားမဝင်သွားရောက်လုပ်ကိုင်နေတဲ့ လုပ်သားဦးရေဟာ ၂၀၂၀၀၀၀ ကျော်ရှိကြောင်း ILO စာရင်းမှာဖော်ပြထားပါတယ်။ အခုတော့ လူဦးရေငါးသန်းခန့်ရှိနေကြောင်း သိရတဲ့အတွက် ဒီလူတွေရဲ့လူမှုဘဝဖူလုံရေးအတွက် လုပ်ခလစာ၊ အခွင့်အရေးတွေ၊ မှန်ကန်မျှတစွာ ရရှိခံစားနိုင်ရေးဟာ စိတ်သောကရောက်စရာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများရဲ့ ထုတ်ပြန်ချက်များ နှင့်လေ့လာသူများရဲ့ ကိန်းကဏန်းများအရ ပြည်ပနိုင်ငံများမှာ အလုပ်အကိုင်လုပ်နေသူ၊ တရားဝင် အင်အားစာရင်း၊ ငွေလွှဲပို့တဲ့ဦးရေ၊ လက်တွေ့ပြည်ပနိုင်ငံမှာရောက်ရှိနေတဲ့ လုပ်သားအင်အားစတာ တွေမတူညီမှုအပေါ်မှာ မှန်ကန်စွာထိန်းကျောင်းစိစစ်နိုင်တဲ့ ယန္တရားတစ်ရပ်လည်း ဖော်ဆောင်ဖို့ လိုအပ်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်သူနှင့်အတူဆိုတဲ့စကားဟာ အင်မတန်လှပါတယ်။ တန်ဖိုးလည်း ရှိပါတယ်။ တန်ဖိုးရှိပြီး လှပတဲ့စကားရပ်နှင့်အညီ ပြည်သူတွေကို လေ့လာပြီးတော့ ပြည်သူ့ဘဝ စားဝတ်နေမှုဖူလုံအောင်၊ လုံခြုံအောင်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ပြည်သူဆိုတာ အလုပ်လုပ်

မှဝင်ငွေရတာပါ။ ဝင်ငွေလုံလုံလောက်လောက်ရမှ ဘဝတွေကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေဒီကနေ့ရင်ဆိုင်နေရတဲ့ လူမှုစီးပွားရေးဘဝ အခက်အခဲတွေကို ထပ်တူပြုပြီး ကောင်းမွန်အောင်ဆောင်ရွက်ပေးမှသာ ကျွန်တော်တို့ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို ဖြောင့်တန်းသာယာစွာ လိုက်ပါနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေစားဝတ်နေရေးဖူလုံမှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်လို့ ပြည်သူတွေစားဝတ်နေရေး ပြည့်စုံဖူလုံအောင် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးရေးဟာ အရေးကြီးတယ်လို့ တင်ပြလိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ပြည်တွင်းအလုပ်အကိုင်ရှာဖွေပေးနိုင်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၂၀၃၅၁၁ ဦး၊ ၂၀၁၈ ခုနှစ်မှာ ၂၂၄၅၀၀ ဦးနှင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလကနေ ဇွန်လအထိမှာ ၁၄၅၀၀၀ ဦးရှိကြောင်း သိရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိသွားတဲ့ ပြည်သူများနဲ့ ထပ်တူဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေကတော့ ပြည်တွင်းမှာပဲဖြစ်စေ၊ ပြည်ပမှာပဲဖြစ်စေ မှန်ကန်တဲ့မူဝါဒ မျှတခိုင်မာတဲ့ ဥပဒေ၊ အလုပ်ပမာဏနှင့်ညီမျှထိုက်တန်သော လုပ်အားခ ရရှိပြီးတော့ လုံခြုံစိတ်ချစွာ အလုပ်လုပ်လိုကြတာဖြစ်ပါတယ်။ ပြည်သူလူထုမှာ ကျေးလက်နေရာခိုင်နှုန်းဟာ ၇၀ ကျော်ရှိပါတယ်။ ကျေးလက်နေလုပ်သားပြည်သူတွေရဲ့ အလုပ်ခွင်ဟာ ဒီနေ့ဆိုရင် မိုးမမှန်၊ လေမမှန်၊ ဆည်၊ တမံတွေလည်း ရေမရတာကြုံတွေ့နေကြရပါတယ်။ မျိုးစေ့ပျိုးပင်အရင်းအနှီးကို အကြိမ်ကြိမ်စိုက်ထုတ်ပြီး စိုက်ပျိုးနေကြရပါတယ်။ ထွက်ရှိတဲ့ သီးနှံနှင့်စပါးကလည်း ဈေးကောင်း၊ ဈေးမှန်မရတော့ လယ်ယာလုပ်ငန်းခွင်ကို လုပ်ကိုင်ဖို့ တွန့်ဆုတ်လာကြပါတယ်။ ဒါကြောင့် တောင်သူလယ်သမားမိသားစုအချို့ဟာ လယ်ယာကိုစွန့်ခွာလာကြပြီး မြို့တက်သူတက်၊ ပြည်ပထွက်သူထွက်နှင့် ရွှေ့ပြောင်းလုပ်သားဘဝကို ရောက်ကြရတာတွေ့ရပါတယ်။

ဒါ့အပြင် ယခင်တည်ဆောက်ထားတဲ့ နိုင်ငံတော်ရဲ့ စက်ရုံ၊ အလုပ်ရုံတွေကို တွက်ခြေမကိုက်မှုကို အကြောင်းပြုပြီးတော့ ရပ်ဆိုင်းခဲ့တာဟာ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲရောက်နေပါပြီ။ ဒီစက်ရုံတွေက အလုပ်သမားတွေကို သူတို့မိသားစုတွေအတွက် ပြည်သူနှင့်ထပ်တူ ခံစားကြည့်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ ပျော်ဘွယ်မှာစက်မှုဝန်ကြီးဌာနက အထည်ချုပ်စက်ရုံတစ်ခုရှိပါတယ်။ ပိတ်သိမ်းလိုက်တဲ့အတွက် မူလအလုပ်သမား ၇၇၉ ဦးကျော်မှာ ၃၇၂ ဦးပဲ စက်ရုံမပျက်အောက် ဆက်လည်နေကြပြီးတော့ ကျန်လုပ်သား ၄၀၇ ဦးဟာ အလုပ်လက်မဲ့ဖြစ်နေပါတယ်။ ဒီဖြစ်စဉ်တွေကြောင့် ကျေးရွာအများစုမှာ အသက်အရွယ်အလယ်အလတ် လူငယ်တွေ သူ့မိသားစုတွေနဲ့ခွဲခွာပြီးတော့ ပြည်ပကို

ထွက်ကာ ရရာအလုပ်တွေကို လုပ်ကိုင်နေကြပါတယ်။ ဒါဟာ ပျော်ဘွယ်တစ်ခုရဲ့အခြေအနေဖြစ်ပေမဲ့ တစ်နိုင်ငံလုံးလည်း အလားတူဖြစ်ပေါ်နေကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရရာအလုပ်ဆိုတာဟာ တိုင်းတစ်ပါးမှာ 3D လို့ခေါ်တဲ့ အန္တရာယ်ရှိတဲ့ လုပ်ငန်းတွေ၊ ခက်ခဲကြမ်းတမ်းတဲ့လုပ်ငန်းတွေ၊ ညစ်ညမ်းတဲ့အလုပ်တွေဆိုတာ အများသိကြပါတယ်။ ဒါ့အပြင် ဒီလိုရွှေ့ပြောင်းလုပ်သားတွေ များလာတာနဲ့အမျှ လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှု၊ နှိပ်စက် ညှဉ်းပမ်းမှု၊ လူမှုရေးအကာအကွယ်မပေးခြင်းများနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရတာဖြစ်ပါတယ်။ ဒီလို ဖြစ်စဉ်တွေကို မဖြစ်ချင်ဘဲဖြစ်ပေါ်နေခြင်း၊ အခုလို အလုပ်တွေမလုပ်လိုဘဲလုပ်နေရခြင်းဟာ ဘာကြောင့်လဲ။ အခု ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဆွေမျိုးသားချင်းတွေကို မခွဲခွာလိုဘဲ ခွဲခွာနေခြင်းက ဘာကြောင့်လဲ။ ဘယ်သူ့မှာတာဝန်ရှိလဲ။ မေးခွန်းထုတ်ကြည့်ဖို့ တင်ပြလိုပါတယ်။ တင်ပြခဲ့တဲ့ သက်ဆိုင်ရာဌာနများရဲ့ မှတ်တမ်းများအရ ပြည်ပကို အလုပ်အကိုင်သွားနေကြတဲ့ တစ်နေ့ပျမ်းမျှနှုန်း ဟာ ၂၀၁၇ ခုနှစ်မှာ ၄၁၃ ယောက်၊ ၂၀၁၈ ခုနှစ်မှာ ၅၇၂ ယောက်ဖြစ်ပြီးတော့ ၂၀၁၉ ခုနှစ် ခြောက်လ အတွင်းမှာပဲ တစ်ရက်ပျမ်းမျှ ၈၁၂ ယောက် ရှိနေတာတွေ့ရပါတယ်။ ဒါဟာ တရားဝင်သွားရောက်ခဲ့ တာတွေဖြစ်ပြီး တရားမဝင်သွားရောက်သူများ မပါသေးပါဘူး။ ပြည်ပအလုပ်အကိုင် အခွင့်အလမ်း ကောင်းရလို့ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက GDP တိုးတက်အောင်စွမ်းဆောင်နိုင်တာဟာ ကြိုဆိုလက်ခံကြရမှာဖြစ်ပါတယ်။ တိုင်းပြည်ဝင်ငွေတိုးတက်ခြင်းထက် နိုင်ငံတော်ရဲ့လူသား အရင်း အမြစ်တွေဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို အပြည့်အဝ အလုပ်အကျွေးမပြုနိုင်ဘဲ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ ပင်ပမ်းအဆင်းရဲခံ ရုန်းကန်ရှာဖွေနေရတဲ့ ဆုံးရှုံးခြင်းကို သိမြင်ရတဲ့ အတိုင်း ပြစ်ပယ်ထားဖို့ မသင့်ပါဘူး။ ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ရေမြေသယံဇာတ ပေါကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ဖို့ အခြေအနေ တွေ၊ အရင်းအမြစ်တွေ ရှိနေပါတယ်။ ဒီအတွက် စေတနာမှန်နဲ့ အကောင်အထည်ဖော်ရန် လိုအပ် လျက်ရှိပါတယ်။ ယခုအခါမှာ လုပ်သားအခြေပြုတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးနည်းလမ်းပဲဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ဖန်တီးနိုင်ဖို့အတွက် ပြည်ပရောက်မြန်မာလုပ်သားတွေရဲ့ဘဝကို လူ့အခွင့်အရေး၊ လူသားချင်းစာနာ စိတ်၊ မျိုးချစ်စိတ်များနဲ့ ပြန်ကြည့်ကြဖို့လည်း တင်ပြအပ်ပါတယ်။ ဒီလိုဖြစ်စဉ်ကို ၂၀၁၅ ခုနှစ်မှ ဘတ်စ်ကားပေါ်က ဇာတ်လမ်းတစ်ပုဒ်အဖြစ် တင်ဆက်ခဲ့ကြတာလည်း မှတ်မိကြမယ်ထင်ပါတယ်။ ဒါကြောင့် လက်ရှိ

လုပ်သားပြည်သူတွေရဲ့ဘဝအခြေအနေဟာ မင်းကင်းမြို့နယ်က ဦးမောင်မြင့်ရဲ့အဆိုဖြစ်တဲ့ ပြည်ပရောက်မြန်မာလုပ်သားများ Labor Right အပြည့်အဝရရှိရေးနဲ့ အခက်အခဲအတွေ့အကြုံတွေကြုံတွေ့နေတဲ့အခါ ကူညီစောင့်ရှောက်ပေးရင်းနဲ့ ပြည်တွင်းမှာ Labor Intensive Industry တွေ အလုံးအရင်းနဲ့ ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့အညီ ဆောင်ရွက်သင့်ပြီဖြစ်တဲ့အတွက် ဒီအဆိုကို လေးနက်စွာထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပါမယ်။ ဦးမောင်မြင့် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က တင်သွင်းသော ပြည်ပရောက်မြန်မာလုပ်သားများ Labor Right အပြည့်အဝရရှိစေရေးနဲ့ အခက်အခဲများကြုံတွေ့ရသည့်အခါ ကူညီဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းတွင် Labor Intensive Industry များ အလုံးအရင်းနဲ့ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမည့်

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၀-၇-၂၀၁၉ ရက် (အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ ဒီကနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကို လွှတ်တော်ကို တင်သွင်းရတဲ့ရည်ရွယ်ချက်များကတော့ (၁) တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန်၊ (၂) တိရစ္ဆာန်မွေးမြူသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊ (၃) တိရစ္ဆာန်များကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျထိန်းချုပ်နိုင်ရန်၊ (၄) နိုင်ငံတကာ၌ ကျင့်သုံးဆောင်ရွက်နေသော ကျင့်စဉ်များအရ တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရကာကွယ်စောင့်ရှောက်ပေးရန်၊ (၅) ပြောင်းလဲလာသော ကုန်သွယ်မှုစနစ်အရ ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပြီး မွေးမြူသူတောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းလာစေရန်တို့ဖြစ်ပါတယ်။

မူလက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၁၇/၁၉၉၃)အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၃၆/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအခါ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းအား ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိပြီး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ထွန်းကားလာစေရန်အတွက် အသစ်ပြန်လည်ရေးဆွဲရခြင်း ဖြစ်ပါတယ်။ အဆိုပါ လက်ရှိကျင့်သုံးလျက်ရှိသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေသည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက်သာ ဦးစားပေးရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဖျက်သိမ်းခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့အကြံပြုချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဖြတ်သိမ်းခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် အစည်းအဝေးအကြိမ် ၂၀ ပြုလုပ်ခဲ့သလို အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ အကြံပြုချက်များကို ရယူခဲ့ပါတယ်။

အထက်ပါဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ပါသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က)အရ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က လေးစားစွာ တင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၁၁၆

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခုနှစ်၊ ဇူလိုင် လ ၁၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/ ၁၀ (၄၄၄)/ပထစ -၂၀၁၈

၁။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကတင်သွင်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံပြီးတော့ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပြောင်းလဲဖြစ်ပေါ်နေသော ခေတ်ကာလအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိပြီး ပုဂ္ဂလိက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိရစ္ဆာန်မွေးမြူသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဃ) တိရစ္ဆာန်များ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျထိန်းချုပ်နိုင်ရန်၊

(င) နိုင်ငံတကာ၌ ကျင့်သုံးဆောင်ရွက်နေသော ကျင့်စဉ်များအရ တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(စ) ပြောင်းလဲလာသောကုန်သွယ်မှု စနစ်များအရ ကွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်း များ စနစ်တကျဆောင်ရွက်ပြီး မွေးမြူသူတောင်သူလယ်သမားများ၏ အကျိုးစီးပွား ဖြစ်ထွန်းလာစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၃-၂၀၁၉ ရက်(ကြာသပတေးနေ့)နှင့် ၁၂-၇-၂၀၁၉ ရက်(သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်တွေကိုတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ဝေငှထားပြီး ဖြစ်ပါတယ်ရှင်။

၄။ သို့ဖြစ်ပါ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ရိုသေစွာ အစီရင်ခံတင်သွင်းအပ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူး တင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၁၁၆

ရက်စွဲ ၊၂ ၀ ၁ ၉ ခုနှစ်၊ ဇူလိုင် လ ၁၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/ ၁၀ (၄၄၄)/ပထစ - ၂၀၁၈

၁။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကတင်သွင်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပြောင်းလဲဖြစ်ပေါ်နေသော ခေတ်ကာလ အခြေအနေများနှင့် လိုက်လျော ညီထွေမှု ရှိပြီး ပုဂ္ဂလိက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိရစ္ဆာန်မွေးမြူသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဃ) တိရစ္ဆာန်များ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(င) နိုင်ငံတကာ၌ ကျင့်သုံးဆောင်ရွက်နေသော ကျင့်စဉ်များအရ တိရစ္ဆာန်များကို တမင် ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(စ) ပြောင်းလဲလာသောကုန်သွယ်မှု စနစ်များအရ ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပြီး မွေးမြူသူတောင်သူလယ်သမားများ၏ အကျိုးစီးပွား ဖြစ်ထွန်းလာစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၃-၂၀၁၉ ရက် (ကြာသပတေးနေ့)နှင့် ၁၂-၇-၂၀၁၉ ရက် (သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတွင် အခန်း (၁၆) ခန်းနှင့် အပိုဒ်ပေါင်း ၅၇ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၈၁ ခုနှစ်၊** လ ရက်

( **၂၀၁၉** ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) ရှိ ကုန်းနေ သို့မဟုတ် ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါကိုဆိုသည် ဆိုသည့်စကားရပ်ကို ကုန်းနေ၊ ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ်ခွဲ (ည) အဖြစ်လည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ခ) အဖြစ်လည်းကောင်း ပြင်ဆင်ပြီး အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မွေးမြူရေးလုပ်ငန်း ဆိုသည်မှာ ရေလုပ်ငန်းနှင့်ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ မွေးမြူခြင်းနည်းစနစ် တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလည်း ပါဝင်သည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ရှိ မွေးမြူရေးလုပ်ငန်းအတွက် မွေးမြူသူကိုဆိုသည်ဆိုသည့် စကားရပ်ကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (ဒ) ရှိ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ ဆိုသည့် စကားရပ်ကို တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုရာတွင် ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဓ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ထောက်ခံချက်လက်မှတ်ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ သယ်ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် သယ်ဆောင်ခြင်းကိုသော်လည်းကောင်း၊ တိရစ္ဆာန်ကျန်းမာရေးကိုသော် လည်းကောင်း၊ အရည်အသွေးကိုသော်လည်းကောင်းစစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (ဠ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဠ) ဦးစီးဌာန ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်။

(ဈ) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများဟု ပြင်ဆင်ပြီး ယင်းဥပဒေကြမ်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ ဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများဟု အသီးသီး ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၃ အပိုဒ်ခွဲ (င) ရှိ ဖြန့်ဖြူးခြင်းနှင့်ရောင်းချခြင်း ဆိုသည့်စကားရပ်ကို ဖြန့်ဖြူးရောင်းချခြင်းဟု ပြင်ဆင်ပါသည်။

(ဋ) အခန်း (၃) အပိုဒ် ၄ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) ဝန်ကြီးဌာန ဒုတိယဝန်ကြီး | ဒုတိယ ဥက္ကဋ္ဌ |

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြား အဖွဲ့အစည်းများမှ ဉ္စန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်၊ — အဖွဲ့ဝင်

(၄) တိရစ္ဆာန်ဆေးပညာကောင်စီမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၈) တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး — အဖွဲ့ဝင်

(၉) မွေးမြူရေး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၁၀) ဉ္စန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၁) ဒုတိယဉ္စန်ကြား ရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ဃ) အပိုဒ် ၅ အပိုဒ်ခွဲ (ဋ) ရှိ စိုက်ပျိုးသော မြေများအဖြစ် သီးသန့်သတ်မှတ်ပြီး ဆိုသည့်စကားရပ်ကို စိုက်ပျိုးသောမြေများအဖြစ် သတ်မှတ်ပြီးဟု ပြင်ဆင်ပါသည်။

(ង) အခန်း (၅) အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ) ရှိ မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

မူကြမ်း

(ဎ) အပိုဒ် ၁၀ အပိုဒ်ခွဲ (ဈ) ရှိ သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ဆိုသည့်စကားရပ်ကို သားသတ်ရုံ တည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၉ အပိုဒ်ခွဲ (ဎ) ရှိ လိုအပ်သလို ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(တ) အပိုဒ် ၁၁ ခြေဆင်းကို ဦးစီးဌာနသည် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်- ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဏ)ရှိ ဖြန့်ဖြူးသည့်၊ ရောင်းချသည့် ဆိုသည့်စကားရပ် ကို ဖြန့်ဖြူးရောင်းချသည့် ဟုပြင်ဆင်ပြီး အပိုဒ်ခွဲ(တ) ရှိ (Animal Welfare) ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဒ) အခန်း (၆) အပိုဒ် ၁၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ ဦးစီးဌာနသည် မိမိဌာနရှိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် လက်ထောက်ဦးစီးမှူး အဆင့်အောက်မနိမ့်သောသူကို စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဓ) အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က) (၃) ရေလုပ်ငန်းနှင့်မသက်ဆိုင်သော တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်းများ၊

(န) အပိုဒ် ၁၃ အပိုဒ်ခွဲ (ဂ) ရှိ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ဆိုသည့် စကားရပ်ကို ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ဟု ပြင်ဆင်ပါသည်။

(ပ) အခန်း (၇) အပိုဒ် ၁၄ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ ဗဟိုကော်မတီသည် အောက်ပါခွင့်ပြုချက် ရရှိပြီးသော မြေများကို မွေးမြူရေး မြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသော မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်-

(ဖ) အပိုဒ် ၁၄ အပိုဒ်ခွဲ (ဃ) ရှိ ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဟု ပြင်ဆင်ပါသည်။

(ဗ) အခန်း (၈) အပိုဒ် ၁၇ ရှိ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက ဆိုသည့်စကားရပ်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဟုလည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြု နိုင်သည် ဆိုသည့်စကားရပ်ကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည် လျှောက်ထား နိုင်ရန် အကြောင်းကြားရမည် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပြီး အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၃) နှင့် အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၃) ရှိ သတ်မှတ်ချက်များနှင့်အညီ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဘ) အပိုဒ် ၁၈ အပိုဒ်ခွဲ (က) ကို ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာ ရမည် ဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၁၈ အပိုဒ်ခွဲ (ဂ) ရှိ မိမိလုပ်ကိုင်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် ဆိုသည့်စကားရပ်ကို မိမိလုပ်ငန်းတွင် ဟု ပြင်ဆင် ပါသည်။

(ယ) အခန်း (၉) အပိုဒ် ၂၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူး သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း၊ ခရိုင်ဦးစီး ဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ ဦးစီးဌာန မှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော် လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော် လည်းကောင်း ဆောင်ရွက်ရမည်။

(ရ) အပိုဒ် ၂၁ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ခွင့်ပြုလက်မှတ် ရရှိသူဖြစ်ပါက ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက် များကို လိုက်နာရမည်။

(လ) အခန်း (၁၀) အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ ရေလုပ်ငန်းနှင့် မသက်ဆိုင်သော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်းတို့ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ တိရစ္ဆာန် အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကို ဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထား ရမည်။

(ဝ) အပိုဒ် ၂၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီး ဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်း ချက်နှင့် အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

(သ) အပိုဒ် ၂၅ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ ပုဒ်မ ၂၄ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

မူကြမ်း

(ဟ) အခန်း (၁၁) အပိုဒ် ၂၇ ရှိ ညီညွတ်ကြောင်း တွေ့ရှိပါက ဆိုသည့်စကားရပ်ကို ညီညွတ်ပါက ဟု ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၂၈ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

၂၈။ ပုဒ်မ ၂၇ အရ ထောက်ခံချက် လက်မှတ်ရရှိသူသည်-

(က) ထောက်ခံချက်လက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(အ ) အခန်း (၁၂) အပိုဒ် ၃၄ ရှိ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် ဆိုသည့်စကားရပ်ကို ဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၃) ခေါင်းစဉ်ကို တိရစ္ဆာန်ကို ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၆ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) နှင့် (ဇ) တို့ကို အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၃၆။ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှကာကွယ်ရန်နှင့်စပ်လျဉ်း၍-

(က) တိရစ္ဆာန်အား သတ်မှတ်ထားသော အလေးချိန်ထက်ပို၍ တင် ဆောင်စေခြင်းနှင့် ဆွဲယူစေခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အား တမင်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အလွန် အကျွံ ခိုင်းစေခြင်း မပြုရ၊

(ဂ) တိရစ္ဆာန်အား ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း မပြုရ၊

(ဃ) မိမိမွေးမြူထားသော တိရစ္ဆာန်အား အစာရေစာ တမင်မကျွေး ခြင်း မပြုရ၊

(င) မိမိမွေးမြူထားသော တိရစ္ဆာန်အား ရောဂါ သို့မဟုတ် ဒဏ်ရာ ရရှိသည့်အခါ ကုသစောင့်ရှောက်မှု မပေးဘဲ တမင်ထားရှိခြင်း မပြုရ၊

မူကြမ်း

(စ) ကူးစက်ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေသည့် တိရစ္ဆာန်ကို အများပြည်သူ သွားလာခွင့်ရှိသည့်နေရာသို့ လွှတ်ထားခြင်းမပြုရ၊

(ဆ) မိမိဆောင်ရွက်နိုင်သော နေရာအကျယ်အဝန်း၊ အဆောက်အအုံအလိုက် ဘေးကင်းလုံခြုံမှုမရှိသော နေရာတွင် တမင်ထားရှိခြင်းမပြုရ၊

(ဇ) တိရစ္ဆာန်များ ကူးစက်ရောဂါ ကြိုတင်ကာကွယ်မှု အစီအမံများ မရှိဘဲ မွေးမြူခြင်း မပြုရ၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၆ အပိုဒ်ခွဲ (ဈ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၆ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာတွင် ကျပ်တည်းစွာနှင့် မလျော်ကန်စွာ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( - ) အခန်း (၁၄) အပိုဒ် ၃၇ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ သက်ဆိုင်ရာခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် ရရှိသူ၊ မွေးမြူသူနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားတို့သည် သတ်မှတ်ထား သော စည်းကမ်းချက်များကိုဖြစ်စေ၊ ပုဒ်မ ၃၀ ပါပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပြန်ထား သော အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ဦးစီးဌာန၏ သက်ဆိုင်ရာ ဦးစီးဌာနမှူးက အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

( - ) အပိုဒ် ၃၈ နှင့် အပိုဒ် ၄၀ တို့ရှိ ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ဆိုသည့်စကားရပ်ကို ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ ဝန်ကြီးသည် ပုဒ်မ ၄၀ အရ အယူခံခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

( - ) အခန်း (၁၅) ခေါင်းစဉ်ကို တားမြစ်ချက်နှင့်ပြစ်ဒဏ်များ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) ရေလုပ်ငန်းနှင့်မသက်ဆိုင်သော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက် ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံး ပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန် သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

(င) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက် ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများ နှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း မပြုရ။

( - ) အပိုဒ် ၄၃ အပိုဒ်ခွဲ (က) ရှိ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။ ဆိုသည့်စကားရပ်ကို ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ ဆိုသည့်စကားရပ်ကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်းမရှိစေရ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၄ ရှိ သားသတ်ရုံလုပ်ငန်း ဆိုသည့်စကားရပ်ကို သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၅။ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေး လုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမျှ-

(က) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ် သိရှိလျက်နှင့် ဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) သေဆုံးသောတိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာတွေ့ရှိလျက် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

( - ) အပိုဒ် ၄၆ ရှိ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခံရပြီးနောက် ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၇ ပုဒ်မခွဲ (ဂ) အရ အရေးယူခံရပြီးနောက် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၄၈ အပိုဒ်ခွဲ (က) ရှိ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ ဟု ပြင်ဆင်ပါသည်။

မူကြမ်း

( - ) အပိုဒ် ၄၉ ခြေဆင်းရှိ သားသတ်ရုံလုပ်ငန်း ဆိုသည့်စကားရပ်ကို သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ ရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ကျန်းမာရေး လုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမဆို ဆိုသည့်စကားရပ်ကို မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန် ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူမည်သူမဆို” ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၁ ရှိ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ ဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၆) အပိုဒ် ၅၃ ရှိ ဤဥပဒေအရ အသိအမှတ်ပြုထားသော ဆိုသည့် စကားရပ်ကို ဤဥပဒေအရ ခွင့်ပြုလက်မှတ်ရရှိထားသော ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၅ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၅၆ အပိုဒ်ခွဲ (က) ကို အပိုဒ် ၅၅ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် နည်းဥပဒေများ ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနသည်နည်းဥပဒေ ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုတးက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၇-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၉.၇.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


Maj Genl Aung Thu


Daw Nan Than Than Lwin

pyithu.hluttaw.mm


Maj Genl Aung Thu


U Khin Maung Myint

pyithu.hluttaw.mm


U Thein Swe


U Aung Hlaing Win


pyithu.hluttaw.mm


U Thein Swe


U Stiphen

pyithu.hluttaw.mm


U Nyi Tun


Dr Sein Mya Aye

pyithu.hluttaw.mm


U Nyi Tun


Dr May Win Myint

pyithu.hluttaw.mm



**U Nyi Tun**



**U Nyunt Win**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်